၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.808, APRIL 3, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အစိုးရသစ်ကို အကောင်းဆုံးဖြစ်လာစေချင်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**DVB ၊ မတ်လ ၃၁ ။** ။ မြန်မာဒီမိုကရေစီခေါင်းဆောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ပေါ်ပေါက်လာတဲ့ အစိုးရသစ်ကို ဓမ္မဓိဋ္ဌာန်ကျကျသာ ရှုမြင်ကြောင်းနဲ့ တိုင်းပြည်အတွက်အကောင်းဆုံးတွေ ဖြစ်လာစေချင်တယ်လို့ ပြောကြားလိုက်ပါတယ်။

ဒါ့အပြင် အဖွဲ့ချုပ်အနေနဲ့ အစိုးရနဲ့ အမြဲတမ်းကောင်းမွန်တဲ့ ဆက်ဆံရေးတွေကိုပဲ လိုလားသလို တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ အစိုးရဘက်မှာသာ မူတည်လိမ့်မယ်လို့လည်း မနေ့က အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုအပြီးမှာ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်တာလည်း ဖြစ်ပါတယ်။

“ကျမတို့ကတော့ အမြဲတမ်း ကောင်းတဲ့ဆက်ဆံရေးကို လိုချင်တာပဲ။ အဲဒီတော့ ပိုပြီးတော့ကောင်းပါစေလို့တော့ ကျမတို့ကတော့ ဆုတောင်းတာပေါ့လေ။ အပြုသဘောလည်းမဟုတ်ဘူး၊ အပြစ်သဘောလည်း မဟုတ်ဘူး။ ဒီဟာကို ဖြစ်စဉ်ကို ဓမ္မဓိဋ္ဌာန်ကျကျရှုရမှာပေါ့။ ဒါပေမယ့် ဘာပဲပြောပြောတိုင်းပြည်အတွက်ကြည့်ပြီးတော့ ပိုပြီးတော့ ကောင်းလာစေချင်တာပေါ့။ ဖြစ်စေချင်တာပဲ။ ကျမတို့ကတော့ ကျမတို့ဘက်က ဘယ်လိုဖြစ်စေချင်တယ်ပဲပြောနိုင်မှာပေါ့နော်။ ဟိုဘက်က ဘယ်လိုလုပ်မယ် ဘယ်လို ဆက်ဆံမယ်ဆိုတာ ကတော့ ကာယကံရှင်တွေ ကိုယ်တိုင်ပဲ သိမှာပေါ့။ ကျမတို့ကတော့ အကောင်းဖြစ်အောင်လို့တော့ ကြိုးစားရမှာပေါ့။”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကလည်း အစိုးရသစ်ကို အသိအမှတ်ပြုတယ်လို့ ပြောကြားပါတယ်။

“ယနေ့ထုတ်တဲ့ ကြေညာချက်တွေအရ ယခင်အစိုးရ မရှိတော့ဘူး။ ပါလီမန်အစိုးရတခုရှိနေပြီဆိုတာ ကျနော်တို့ အသိအမှတ်ပြုပါတယ်။ အန်အယ်လ်ဒီအနေနဲ့ကလည်း ဒီလက်ရှိ ဒီနေ့ဖွဲ့စည်းတဲ့ အစိုးရနဲ့ ဒိုင်ယာလော့မျှော်လင့်ထားပါတယ်။ အန်အယ်လ်ဒီဟာ ဒိုင်ယာလော့နဲ့ပတ်သက်ရင် အမြဲတမ်းဖွင့်လှစ်ထားပါတယ်။”

၁၉၈၈ ခုနှစ် အာဏာသိမ်းအစိုးရဖြစ်တဲ့ နအဖစစ် အစိုးရဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲအပြီးမှာ အာဏာလွှဲပြောင်းပေးတာမျိုး မရှိခဲ့ဘဲ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာတော့ အနိုင်ရ ကြံ့ခိုင်ရေးပါတီကို အာဏာလွှဲပြောင်းပေးခဲ့တာဖြစ်ပြီး နအဖကောင်စီရဲ့ဝန်ကြီးချုပ် ဦးသိန်းစိန်ကနေ ကြံ့ခိုင်ရေးပါတီရဲ့ ဥက္ကဋ္ဌ၊ သမ္မတဖြစ်လာတဲ့ ဦးသိန်းစိန်ကို မတ်လ ၃၀ ရက်နေ့မှာ အာဏာလွှဲပြောင်းပေးခဲ့တာဖြစ်ပါတယ်။

---

## ပိတ်ဆို့မှုတိုးမြှင့်ရေး တောင်းဆို

**RFA ၊ ဧပြီလ ၁ ။** ။ အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ပြစ်ဒဏ်ခတ်မှု ပိတ်ဆို့ အရေးယူမှုတွေကို တိုးမြှင့်ဖို့လိုအပ်ကြောင်းနဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်တယောက်ခန့်အပ်ဖို့ ထင်ရှားတဲ့ အမေရိကန် အထက်လွှတ်တော်အမတ် ၄ ဦးကအမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ထံစာရေးပြီး မတ်လ ၃၁ ရက် မနေ့က တောင်းဆိုလိုက်ပါတယ်။

ဒါ့ပြင် အထက်လွှတ်တော်အမတ်တွေက မြန်မာအစိုးရအပေါ် ဘဏ်လုပ်ငန်းဆိုင်ရာပိတ်ဆို့မှုတွေ တိုးမြှင့်ဖို့ တောင်းဆိုထားပြီး မြန်မာအစိုးရအနေနဲ့ သိသာထင်ရှားတဲ့ ဒီမိုကရေစီဆိုင်ရာ ပြောင်းလဲမှုတွေ ပြုလုပ်လာတဲ့ အထိပိတ်ဆို့မှုတွေကို ဆက်လက်ထားရှိဖို့ မိမိတို့ဆန္ဒရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးထံ လက်မှတ်ရေးထိုးပေးပို့တဲ့ စာမှာ ဖော်ပြထားပါတယ်။

တဆက်တည်းမှာပဲ အခုလို အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးသံကိုယ်စားလှယ်တဦး ခန့်ထားခြင်းအားဖြင့်

**စာမျက်နှာ ၁၆ သို့**


| | | | | | |
|---|---|---|---|---|---|
| **တော်လှန်ရေးနေ့အထိမ်းအမှတ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားချက်** | **စစ်တပ်အင်အားတောင့်တင်းဖို့ သမတသစ်ဦးသိန်းစိန် အလေးပေးပြော** | **ရွှေတြိဂံ ပြင်းအားကြီးငလျင်ကြောင့် သေဆုံးသူ ၂၀၀ အထိ တိုးလာနိုင်** | **တက်လာသည့် အစိုးရသစ်ကို အရှိအတိုင်း အဖွဲ့ချုပ် လက်ခံ** | **ဂျပန် ဖူကူရှီးမားအနီး ပင်လယ် အနုမြူဓာတ်ရောင်ခြည် အမြင့်ဆုံးပါ** | **သမတ ဦးသိန်းစိန် မိန့်ခွန်းအပေါ် အဖွဲ့ချုပ်မှ မျှော်လင့်ချက်ထားဟုဆို** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၇** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၃** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၈** |

**VOB အာဘော်**

# ယုံကြည်ရန်ခက်ခဲသောစကားများ

မြန်မာနိုင်ငံတွင် ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်ခံရသည်ဆိုသောပုဂ္ဂိုလ်များဖြင့် လွှတ်တော်ဖွဲ့စည်းခဲ့ပြီးနောက် မတ်လ ၃၀ ရက်နေ့က အစိုးရသစ်ကိုဖွဲ့စည်းမှုများပြုလုပ်လိုက်ပြီဖြစ်သည်။ သမတအဖြစ် ရွေးကောက်ပွဲဝင်ခါနီးမှ စစ်ယူနီဖောင်းဝတ်ခဲ့သည့်ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ၎င်းနှင့်အတူ စစ်တပ်ဗိုလ်ချုပ်ဟောင်းများက အစိုးရအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံကိုဆက်လက်အုပ်ချုပ်မည်ဖြစ်သည်။ အနည်းငယ်မျှသောလူသစ်များကိုထည့်သွင်းပြီး စစ်အစိုးရလက်ထက်တွင် ဝန်ကြီးတာဝန်ယူထားသူများဖြင့် ဖွဲ့စည်းထားသောအစိုး ရသစ်ပေါ်ပေါက်လာပြီးနောက် ဦးသိန်းစိန်က မိန့်ခွန်းတရပ်ပြောကြားခဲ့လေသည်။ မူဝါဒဆိုင်ရာမိန့်ခွန်းဟုဆိုရမည့် အဆိုပါမိန့်ခွန်းထဲတွင် အကြောင်းအရာစုံကိုထည့်သွင်းပြောကြားထားသည်။

အကြမ်းဖျင်းအားဖြင့်ကြည့်လိုက်လျှင် ကြိုဆိုဖွယ်ကောင်းသောမိန့်ခွန်းတရပ်ဖြစ်သော်လည်း မြန်မာပြည်သူများ အနာဂတ်ဘဝအတွက် မည်မျှအာမခံချက်ရှိမည်နည်းဟူသောရှုထောင့်မှကြည့်လျှင် မှုန်ဝါးနေဆဲဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲသည့်လုပ်ငန်းစဉ်၊ ရွေးကောက်ပွဲကျင်းပသည့်လုပ်ငန်းစဉ်၊ လွှတ်တော်ကျင်းပဆွေးနွေး သည့်လုပ်ငန်းစဉ်၊ အစိုးရအဖွဲ့အဆင့်ဆင့်တွင်ပါဝင်သောသူများကို ရွေးချယ်ခန့်ထားမှုလုပ်ငန်းစဉ်များသည် မြန်မာလူထုအများစု သဘောကျလက်ခံသည့်အနေအထားတွင်မရှိပေ။

နိုင်ငံပိုင်ပစ္စည်းဥစ္စာမှန်သမျှကို မိမိပိုင်သည့်အလားပြုကျင့်နေခဲ့သည့်ပုဂ္ဂိုလ်များက နေ့ချင်းညချင်းအကောင်းဘက်သို့ ပြောင်းလဲသွား မည်လော။ မြန်မာပြည်သူလူထုကို အခိုင်းအစေသဖွယ် စိတ်တိုင်းကျကျွန်ပြုချယ်လှယ်အနိုင်ကျင့်နေသူများက ပြည်သူလူထုကို အလေးထား တန်ဖိုးထားသည့်စိတ်ကို နေ့ချင်းညချင်းမွေးမြူနိုင်ပါမည်လော။ အကျင့်ပျက်လာဘ်စားမှုများကို တိုက်ဖျက်နှိမ်နင်းရမည်၊ တရားစီရေးတွင် အဂတိလိုက်စားမှုများနှိပ်ကွပ်ရမည်၊ သန့်ရှင်းသောအစိုးရဖြစ်ရမည်ဟု ပြောဆိုသောသူက သူနှင့်အတူတကွ အကျင့်ပျက်လာဘ်စား အဂတိလိုက်စားမှုများကို ကျူးလွန်နေသည်များကို ညတွင်းချင်းရပ်တန့်ပြောင်းလဲသွားမည်လော။ မီဒီယာနှင့်ပတ်သက်သောအခန်းကဏ္ဍကိုထည့်သွင်းပြောကြားသွားသည့် သမတသစ်က ၎င်းတို့အကျိုးစီးပွားအတွက် အာဏာတည်မြဲရေးအတွက် တင်းကျပ်စွာချုပ်ကိုင်ထားသည့် မီဒီယာကို ပြည်သူလူထုအကျိုးစီးပွားကိုဖော်ဆောင်မည့်၊ ပြည်သူလူထုဘက်က ရပ်တည်သည့်မီဒီယာအဖြစ် ရောက်ရှိစေရမည်ဆိုသည်ကို လက်တွေ့အကောင်အထည်ဖော်မည်လောဆိုသည့်အချက်များအပါအဝင် မြန်မာနိုင်ငံနှင့်ပတ်သက်သော အခြားအရေးကိစ္စများပေါင်းများစွာအတွက် မေး ခွန်းထုတ်ရပေမည်။

သမတသစ်က ၎င်း၏လက်အောက်ခံများကို ဦးတည်ပြောကြားသောမိန့်ခွန်းပါအချက်အလက်များနှင့် ၎င်းအပါအဝင် အထက်အရာရှိများ၊ တန်းတူအရာရှိများ၊ လက်အောက်ခံအရာရှိများက မည်မျှလိုက်နာဆောင်ရွက်ခဲ့သနည်း၊ မည်မျှလိုက်နာဆောင်ရွက်နေသနည်းဆိုသည်များနှင့် ချိန်ထိုးကြည့်ရန်လိုအပ်ပေသည်။ ထိုကဲ့သို့သောချိန်ထိုးကြည့်မှုကသာလျှင် ဒီမိုကရေစီအစိုးရတရပ်ဟုတ် မဟုတ်၊ ဒီမိုကရေစီကိုဖော်ဆောင်မည့်အစိုးရတရပ်ဟုတ် မဟုတ်ဆိုသည်ကို အကဲဖြတ်နိုင်ပေမည်။

ထို့ကြောင့် ပြည်သူလူထုနှင့်တကွ နိုင်ငံတကာက ယုံကြည်လေးစားသောအစိုးရတရပ်ဆိုသည်မှာ အပြောမဟုတ် လက်တွေ့ကျင့်ကြံအကောင်အထည်ဖော်မှုဖြင့်သာဆုံးဖြတ်ရမည်ဖြစ်သည်။

---

## ဗြိတိသျှအစိုးရရဲ့ ၂၀၁၀ ခုနှစ်အတွင်း မြန်မာနိုင်ငံဒီမိုကရေစီနဲ့လူ့အခွင့်အရေးဆိုင်ရာအခြေအနေ ထုတ်ပြန်

**BBC ၊ ဧပြီ ၁ ။** ။ မြန်မာနိုင်ငံမှာ ၂၀၁၀ ခုနှစ်အတွင်း အနှစ် ၂၀ မှာ ပထမဆုံးအဖြစ် ရွေးကောက်ပွဲကျင်းပခဲ့တာ၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်ကနေလွှတ်ပေးခဲ့တာတွေရှိခဲ့ပေမယ့် လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်ကောင်းမွန်လာခြင်းမရှိသလို စစ်အစိုးရရဲ့အာဏာချုပ်ကိုင်မှုကလည်း လျော့ပါးလာခြင်းမရှိဘူးလို့ ဗြိတိသျှအစိုးရ နိုင်ငံခြားရေးဌာနက ကြာသပတေးနေ့ကထုတ်ပြန်တဲ့ ၂၀၁၀ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ နာမည်ခံအရပ်သားအစိုးရဖန်တီးခဲ့ပေမယ့် လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်ကောင်းမွန်းလာဦးမယ့်ပုံမရှိဘူး။ လွှတ်တော်သစ်အတွင်းမှာလည်း ဒီမိုကရက်တစ်နဲ့ တိုင်းရင်းသားအတိုက်အခံပါတီတွေ အနည်းအကျဉ်းသာပါခဲ့တယ်၊ စစ်မှန်တဲ့ဒီမိုကရေစီပြောင်းလဲရေးကိုဦးတည်မယ့် အနေအထားမတွေ့ရသလို လူ့အခွင့်အရေးအခြေအနေတွေ ပိုတောင်ဆိုးလာနိုင်တယ်လို့ ဗြိတိသျှအစိုးရရဲ့အစီရင်ခံစာမှာ ရေးသားထားပါတယ်။

၂၀၁၀ ခုနှစ်အတွင်း ဗြိတိသျှအစိုးရအနေနဲ့ မြန်မာ့အရေးနဲ့ပတ်သက်လို့စိုးရိမ်မှုကို မြန်မာအာဏာပိုင်တွေနဲ့ မြန်မာ့အိမ်နီးချင်းနိုင်ငံတွေကို ဖော်ပြနိုင်ခဲ့တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံအခြေအနေတွေကို ဗြိတိသျှဝန်ကြီးချုပ် David Cameron ဟာ အိန္ဒိယ၊ တရုတ်ဝန်ကြီးချုပ်တွေနဲ့ တိုက်ရိုက်ပြောဆိုဆွေးနွေးနိုင်ခဲ့ပြီး ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး William Hauge ကလည်း ကမ္ဘာ့နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ ဆွေးနွေးခဲ့တယ်လို့ပြောပါတယ်။

လက်ရှိဗြိတိသျှအစိုးရရဲ့လုပ်ဆောင်ချက်တွေနဲ့ပတ်သက်လို့ မြန်မာအရေးလှုပ်ရှားဆောင်ရွက်နေတဲ့ Burma Campaign UK ရဲ့ဒါ ရိုက်တာ Mark Farmaner က အခုလက်ရှိဗြိတိသျှညွန့်ပေါင်းအစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံအားပေးခဲ့တဲ့ ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းရဲ့ အရင်လေဘာအစိုးရထက်တောင် မြန်မာ့ဒီမိုကရေစီရေးနဲ့လူ့အခွင့်အရေးကိစ္စတွေကို ပိုပြီး

**စာမျက်နှာ ၆ သို့**

# တပ်မတော်နဲ့ ပြည်သူ တသားတည်းစည်းလုံးရေး ၂၀၁၁ ခုနှစ် တော်လှန်ရေးနေ့ အထိမ်းအမှတ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားချက်

"တပ်မတော်တခုဟာ ကိုယ်လုပ်တဲ့အလုပ်ကို ကျွမ်းကျင်ရမယ်၊ ကိုယ်လုပ်တဲ့ အလုပ်ကိုလေးစားရမယ်၊ ကိုယ်လုပ်တဲ့အလုပ်ကို တန်ဖိုးထားရမယ်။ ဒီတော့ ပထမဦးဆုံး ကိုယ်လုပ်တဲ့အလုပ်က ဘာလဲဆိုတာ နားလည်ရမယ်။အဲဒီတော့ တပ်မတော်ကောင်းတခုဆိုလို့ရှိရင်တကယ်တော့ စစ်တိုက်ဖို့သင်ထားပေမယ့် ဒီစစ်တိုက်တာ ဘာဖြစ်လို့ တိုက်ရသလဲဆိုတာ နားလည်ရမယ်။ ပြီးတော့ မျိုးချစ်စိတ်ကို အခြေခံပြီးတော့ တိုက်ရမယ်။ ကာကွယ်သင့်တဲ့ လူတွေကို ကာကွယ်နိုင်အောင်လို့ တိုက်ရမယ်။ တခြားလူတွေကို သတ်ချင်လို့၊ ဖြတ်ချင်လို့မဟုတ်ဘူး၊ အမုန်းတရားကို အခြေခံပြီးတော့ တိုက်ရမှာ မဟုတ်ဘူး၊ မေတ္တာတရားနဲ့တာဝန်ကိုအခြေခံပြီးတော့ တိုက်ရမှာဆိုတာအဲဒါကို နားလည်ရမှာဖြစ်ပါတယ်။"

"အဲဒါကြောင့်မို့လို့ ကျမတို့ အခုဆိုလို့ရှိရင် Professional Army ပေါ့နော်၊ ကိုယ့်ရဲ့အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင် ခေတ်မီမီ လုပ်နိုင်တဲ့တပ်မတော်တခုရဲ့လိုအပ်ချက်ဟာ ယုံကြည်ချက်နဲ့မူပဲဖြစ်တယ်။ မူတခုရှိရမယ်။ ငါတို့ ဘာအတွက် တပ်မတော်ဖွဲ့ထားတာလဲ၊ ငါတို့တိုင်းပြည်ရဲ့ ကောင်းစားရေးအတွက် ဖွဲ့ထားတာ၊ ငါတို့လူမျိုးကို ကာကွယ်ဖို့အတွက် ဖွဲ့ထားတာ အဲဒါကို အခြေခံတခုအနေနဲ့ နားလည်အောင်၊ နောက်ပြီးတော့ ယုံကြည်ချက်ရှိရမယ်၊ဒီလို လုပ်သင့်တယ်၊ ဒီလိုလုပ်မှသာ ဒီတိုင်းပြည်အတွက် ကောင်းနိုင်တယ်တပ်မတော်အတွက်လည်း ကောင်းနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိရမှာဖြစ်ပါတယ်။"

"ဒါကြောင့်မို့လို့ ကျမတို့က တပ်မတော်ကို ဒီလိုအဆင့်ကို မြင့်ပြီးတော့ တက်သွားစေချင်တယ်ဆိုတာ တပ်မတော်နဲ့ပြည်သူကြားမှာ ပိုပြီးတော့ တဦးနဲ့တဦး ယုံကြည်မှုရှိဖို့၊ တဦးနဲ့တဦး နားလည်မှုရှိဖို့၊ တပ်မတော်ဟာ ငါ့တို့တပ်မတော်လို့ ပြည်သူတွေက စိတ်ထဲမှာထင်နိုင်သလို တပ်မတော်ကလည်း ပြည်သူတွေဟာ ငါ့တို့ပြည်သူတွေဆိုတဲ့စိတ်က ထားနိုင်ရမယ်။ ဒါအပြန်အလှန်ပေါ့၊ အပြန်အလှန်မေတ္တာထားနိုင်ရမယ်။ အပြန်အလှန်ယုံကြည်မှု ထားနိုင်ရမယ်။"

"ဒီလို တပ်မတော်တခုဖြစ်ဖို့ဆိုတာဟာ ကျမတို့မှာမှန်ကန်တဲ့နိုင်ငံရေးစနစ်တခုလည်းလိုပါတယ်။ နိုင်ငံရေးစနစ်တခုလုံးကိုက တပ်မတော်ဟာ ပြည်သူကို အလုပ်အကျွေးပြုဖို့ဆိုတဲ့ ခံယူချက်ပါနေရမယ်။ တပ်မတော်ကလည်း ပြည်သူကိုအလုပ်အကျွေးပြုတယ်ဆိုတာဟာ အင်မတန်မှဂုဏ်ယူစရာကောင်းတဲ့ကိစ္စ၊ အင်မတန်မှ တန်ဘိုးရှိတဲ့ကိစ္စဆိုတာကို စွဲစွဲမြဲမြဲယုံကြည်ရမယ်။ ဒီလို ကျမတို့ရှေ့ကိုဆက်ပြီးတော့ သွားနိုင်မယ်ဆိုလို့ရှိရင် ကျမတို့နိုင်ငံမှာ ပြည်သူတွေရော တပ်မတော်သားတွေရော အားလုံးဟာ ဂုဏ်သိက္ခာလည်း ရှိမယ်။ ပိုပြီးတော့လည်း တိုးတက်နိုင်တယ်၊ ပိုပြီးတော့လည်း ဖွံ့ဖြိုးနိုင်မယ်။"

"နောက် ထပ်တလဲလဲ ကျမသတိပေးလာတဲ့ ကိစ္စက တပ်မတော်သားတွေဟာ ပြည်သူတွေထဲက ပေါက်ဖွားလာတာပါ။ ဒီတော့ တပ်မတော်နဲ့ ပြည်သူဆိုတာ တကယ်တော့ ခွဲခြားလို့မရပါဘူး။ ခွဲခြားပြီးတော့ ကျမတို့ဟာ မြင်လို့ရှိရင်တခုခုတော့ ဖြစ်နေပြီဆိုတာ၊ တခုခုတော့ မဖြစ်သင့်တာ ဖြစ်နေပြီဆိုတာ ကျမတို့ နားလည်ဖို့လိုပါတယ်။"

"ဒါကြောင့် တသွေးတည်း တသားတည်း ဖြစ်အောင်လို့ ဆိုရင် ပြည်သူသည်သာ တပ်မတော်အတွက် မဟုတ်ဘဲနဲ့ တပ်မတော်ဟာ ပြည်သူအတွက်ဆိုတာကို နံပါတ်တစ်ရှေ့တန်းတင်ရပါမယ်။ ဒီလို ကျမတို့လုပ်နိုင်လို့ရှိရင်ကျမတို့နိုင်ငံဟာ မကြာခင်မှာ အင်မတန်မှ တိုးတက်လာနိုင်မယ်လို့ ကျမတို့ယုံကြည်ပါတယ်။"

"ဒါကြောင့်မို့လို့ အခု တော်လှန်ရေးနေ့မှာ ဆင်ခြင်စေချင်ပါတယ်။ တော်လှန်ရေးနေ့ဆိုတာ ဘာဖြစ်လို့ပေါက်ဖွားလာခဲ့ရတာလဲ။ ကျမတို့ဟာပြည်သူကိုဖိနှိပ်တဲ့ ကျမတို့နိုင်ငံအပေါ် ဖိနှိပ်နေတဲ့သူတွေကို လက်မခံချင်လို့ တပ်မတော်ရော ပြည်သူရော အားလုံးပေါင်းပြီးတော့ ဖက်ဆစ်စနစ်ကို တော်လှန်ခဲ့တာပါ။ အဲဒီတော့ တော်လှန်ရေးနေ့မှာ ကျမတို့ဟာ မတရားမှုတွေကို တော်လှန်တယ်လို့လည်း ပြောလို့ရပါတယ်။"

"ဒါကြောင့်မို့လို့ အခုဆိုလို့ရှိရင် တော်လှန်ရေးနေ့ကို တပ်မတော်နေ့လို့ခေါ်တယ်ဆိုတော့ တပ်မတော်ကြီးဟာ မတရားမှုတွေအားလုံးကို ဆန့်ကျင်ဖို့ဆောင်ရွက်သွားရမယ့် တပ်မတော်တခုဖြစ်ပါတယ်။ ပြည်သူ့အကျိုးကိုဆောင်ရွက်သွားမယ့် တပ်မတော်တခုဖြစ်ဖို့လိုပါတယ်။ ဒီလို ကျမတို့လုပ်နိုင် ဖို့ဟာ ပြည်သူတွေအားလုံးမှာလည်း တာဝန်ရှိသလို တပ်မတော်သားအားလုံးမှာလည်း တာဝန်ရှိတယ်လို့ ကျမပြောချင်ပါတယ်။ ဒီလိုတာဝန်သိသိနဲ့ ဆက်သွားစေချင်ပါတယ်။ တပ်မတော်ကို ဘာဖြစ်လို့ ဖွဲ့စည်းခဲ့တယ်ဆိုတာလည်း ထပ်တလဲလဲ ပြန်ပြီးတော့ ဆင်ခြင်စေချင်ပါတယ်။ တပ်မတော်ရဲ့ အနာဂတ်ကို ဘယ်လို ဖြစ်သင့်တယ်ဆိုတာ ထပ်တလဲလဲပြန်ပြီးတော့ ဆင်ခြင်စေချင်ပါတယ်။ ပြည်သူတွေ အားလုံး ယုံကြည်ကိုးစားနိုင်မယ့်၊ ချစ်ခင်နိုင်မယ့်၊ အားကိုးနိုင်မယ့် တပ်မတော်ကြီး ဖြစ်နိုင်ပါစေလို့ ကျမ ဆုတောင်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။"

---

## ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ စွမ်းအင်ကုမ္ပဏီတွေတာဝန်ရှိ Earthrights International အစီရင်ခံစာမှာဖော်ပြ

**BBC၊ မတ်လ ၃၀ ။** ။ မြန်မာနိုင်ငံကသဘာဝဓာတ်ငွေ့တွေကို ပိုက်လိုင်းဖောက်ပြီး သွယ်ယူဖို့လုပ်ငန်းတွေဆောင်ရွက်ရာမှာ ပါဝင်ပတ်သက်နေတဲ့ တရုတ်၊ တောင်ကိုရီးယားနဲ့အိန္ဒိယ စတဲ့နိုင်ငံတွေကကုမ္ပဏီတွေဟာ ဒေသခံပြည်သူတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်နေမှုတွေမှာ ပတ်သက်တာဝန်ရှိနေတယ်လို့ မနေ့ထုတ်ပြန်တဲ့ Earthrights International အဖွဲ့ရဲ့လေ့လာတွေ့ရှိချက် အစီရင်ခံစာကဆိုပါတယ်။

ဒေသခံတွေရဲ့မြေတွေအသိမ်းခံရတာ၊ အဓမ္မလုပ်အားပေးခိုင်းခံရတာ၊ ဖမ်းဆီးနှိပ်စက်ညှင်းပမ်းခံရတာ၊ စတဲ့အခွင့်အရေးချိုးဖောက်မှုတွေကို ဒီ ပိုက်လိုင်းဖောက်လုပ်ရာလမ်းတလျှောက်မှာရှိတဲ့ပြည်သူတွေ ခံစားနေရတယ်လို့ အစီရင်ခံစာထဲမှာဖော်ပြထားပါတယ်။

တခါ ဒီသဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရောင်းချတဲ့လုပ်ငန်းတွေ လုပ်ကိုင်ခွင့်ကန်ထရိုက်ရဖို့ ပေးရတဲ့ငွေတွေကလည်း အမေရိကန်ဒေါ်လာ သန်းနဲ့ချီရှိနေပြီး ဒီငွေတွေကိုဘယ်လိုသုံးစွဲတယ်ဆိုတာကိုလည်း တိတိကျကျသိရကြောင်း၊ ဒီငွေတွေက လာဘ်စားမှုတွေဖြစ်ပေါ်စေခဲ့တယ်ဆိုတဲ့အချက်အလက်တချို့ကိုလည်း ရရှိထားတယ်လို့ Earthrights International ကဆိုပါတယ်။

ဒါကြောင့် နိုင်ငံတကာကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံတွင်းက သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွေ၊ ပိုက်လိုင်းဖောက်နေတဲ့လုပ်ငန်းတွေကို ချက်ချင်းရပ်ဆိုင်းပြစ်ဖို့ အစိုးရအနေနဲ့လည်း တာဝန်သိတဲ့ရင်းနှီးမြှုပ်နှံမှုတွေဖြစ်လာနိုင်ဖို့ ဥပဒေပြဌာန်းချက်တွေမထုတ်နိုင်သေးခင် လုပ်ငန်းတွေဆိုင်းထားဖို့ Earthrights Inter natioinal ကတောင်းဆိုလိုက်ပါတယ်။

ဒီအစီရင်ခံစာကို နှစ်နှစ်ကျော်အချိန်ယူပြုစုခဲ့တာဖြစ်ပြီး ရခိုင်ပြည်နယ်၊ မကွေးတိုင်းနဲ့ မန္တလေးတိုင်းတွေမှာ အသေအချာမေးမြန်းစုံစမ်း လေ့လာပြီးမှ ဒီအစီရင်ခံစာကိုထုတ်ပြန်ခဲ့တာလို့ Earthrights International ရဲ့ Campaign Director မစ္စတာ Paul Downowitz က ဘီဘီစီကိုပြောပါတယ်။

# အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးနဲ့ ဆက်သွယ်မေးမြန်းချက်

**DVB ၊ မတ်လ ၂၇ ။** ။ တော်လှန်ရေးနေ့ကို တပ်မတော်နေ့ အဖြစ်ပြောင်းလဲပစ်လိုက်တဲ့အချက်နဲ့ တပ်မတော်က နိုင်ငံရေးမှာ ဦးဆောင်မယ်ဆိုတဲ့အချက်တွေအပေါ် မြန်မာ့တပ်မတော်ရဲ့ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဖြစ်ခဲ့ဖူးသူအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦးကို ဒီဗွီဘီကဆက်သွယ် မေးမြန်းထားပါတယ်။)

တော်လှန်ရေးနေ့ကို တပ်မတော်နေ့လို့ ပြောင်းလဲသတ်မှတ်လိုက်တဲ့အပေါ် သဘောထားအမြင် ဘယ်လိုရှိပါသလဲ။

"မတ်လ ၂၇ ရက်နေ့ဟာ အမှန်တကယ်အားဖြင့်ဆိုရင် ဖက်ဆစ်တော်လှန်ရေးနေ့ပါ။ အဲတော့ ဖက်ဆစ်တော်လှန်ရေးနေ့ကို (ဖက်ဆစ်ဂျပန်) အဲဒီခေတ်လောက်ကစပြီးတော့ မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့လို့ပြောင်းလဲလိုက်တာပါ။ ဒီအပေါ်မှာ ဘယ်လိုသဘောထားလဲဆိုရင် နိုင်ငံတခုမှာ အရေးအကြီးဆုံးနေ့တနေ့၊ တတိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူပြည်သားများအာလုံး နဲ့ တိုင်းရင်းသားအားလုံးတွေရဲ့ အမွန်အမြတ်ဆုံးထားရမယ့်နေ့ပါ။ အချုပ်အခြာအာဏာပိုင်ရတဲ့နေ့၊ တနည်းအားဖြင့် လွတ်လပ်ရေးနေ့။ လွတ်လပ်ရေးနေ့ဆိုတာနိုင်ငံတွင်းမှာရှိတဲ့ နေ့တွေအားလုံးထက်နေ့ထူးနေ့မြတ်။ အဲတော့နေ့ထူးနေ့မြတ်မျိုးမှာကျနော်တို့ ပြည်သူလူထုတရပ်လုံးဆင်နွှဲတဲ့လွတ်လပ်ရေးနေ့ပွဲမှာ တပ်မတော်ဟာ ပြည်သူပြည်သားထဲက သားသမီးများအနေနဲ့အခန်းတခုပါဝင်ပြီးတော့ စစ်ရေးပြအခမ်းအနားလုပ်တာမျိုးကို လုပ်နိုင်ပါတယ်။ စစ်ရေးပြအခမ်းအနားလုပ်တာကလည်း တနည်းအားဖြင့်ဆိုရင်ပြည်သူလူထုတွေရဲ့ အခန်းဟာ အင်မတန်မှ လေးနက်ကြီးမြင့်တဲ့အတွက်ပြည်သူ လူထုထဲမှာ မိမိတို့က အဖွဲ့အစည်းတခုအနေနဲ့ တကယ့်ကိုဝန်ထမ်းကောင်း၊ အင်မတန်ထူးခြားသော ဝန်ထမ်းအဖွဲ့အစည်းတခုအနေနဲ့ ပါလာဖို့ဖြစ်တဲ့အတွက်ပြည်သူများနဲ့ အတူတကွ ပူးပေါင်းပြီးတော့ ဆင်နွှဲတာကောင်းတာကြောင့်မို့လို့ ကျနော်တို့ လွတ်လပ်ရေးနေ့ကိုသာလျှင် တပ်မတော်သားများဟာ ပါဝင်ပူးပေါင်းပြီးဆောင် ရွက်ဖို့ကောင်းပါတယ်။"

"သို့သော် တခုရှိတာကတော့ တပ်မတော်ဆိုတာတော့ မှန်ပါတယ်။ သူတို့ဟာလည်း နိုင်ငံမှာထူးခြားသော အဖွဲ့အစည်းတခုအနေနဲ့ ပါတာဖြစ်တယ်။ နိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်များကို သက်စွန့်ကြိုးပမ်းကာကွယ်ရမယ့် အဖွဲ့အစည်းဖြစ်တဲ့အတွက် သူတို့ရဲ့အခန်းကဏ္ဍကလည်းရှိပါတယ်။ ဘယ်လိုရှိမယ်ဆိုရင် အဲဒီနေ့မှာတပ်မတော်နေ့တနေ့ကို သတ်မှတ်ပေးထားပြီးတော့ဆိုပါတော့ တပ်မတော်နေ့တခုကို ဥပမာပုံဆိုရင် တပ်မတော်ဟာ ဘယ်နေ့စပြီးတော့တည်ထောင်သလဲ၊ တချို့ပြောကြတာက ၁၉၄၁ ခုနှစ်၊ ထိုင်းမှာ ဒီဇင်ဘာလ ၂၆–၂၇ စသဖြင့် အဲဒီလို တပ်မတော်မွေးဖွားခဲ့တဲ့ နေ့ဟာ တပ်မတော်နေ့ပဲဖြစ်သင့်ပါတယ်။ အဲတော့ တပ်မတော်နေ့ကို နေ့ထူးနေ့မြတ်သတ်မှတ်ပေးပါ။ ပြီးရင် အဲဒီနေ့ထူးနေ့မြတ်မှာ တပ်မတော်သားတွေအနေနဲ့ မိမိတို့တပ်က အကျိုးရှိရာရှိကြောင်း တနည်းအားဖြင့်ဆိုရင် ကျနော်တို့ တပ်မတော်အခန်းကဏ္ဍနဲ့ပတ်သက်လို့ ပညာအရေး၊ ပညာအရာ၊ ပညာရေးရာကိစ္စများနဲ့ ပတ်သက်လို့ ထက်မြက်အောင်၊ မွန်မြတ်အောင် အသိပညာတိုးပွားအောင် လုပ်တဲ့နည်းအတူ အဲဒီအခါမှာလည်း တပ်အလိုက်လိုအပ်သော ပျော်ပွဲရွှင်ပွဲများကို အခမ်းအနားများဖြင့် ကျင်းပပေးလျက်ဒါကို အသိအမှတ်ပြုတဲ့နေ့တခုအနေနဲ့ ဆောင်ရွက်တဲ့နည်းလမ်းမျိုးတွေကို လုပ် သင့်ပါတယ်။"

"ဒါကြောင့်မို့လို့ တပ်မတော်နေ့ဆိုတာဟာ တပ်မတော်ပေါက်ဖွားတဲ့နေ့၊ မွေးဖွားတဲ့နေ့ဟာ တပ်မတော်နေ့ဖြစ်သင့်ပါတယ်။ မတ်လ ၂၇ ရက်နေ့ဟာ ဖက်ဆစ်တော်လှန်ရေးနေ့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီဖက် ဆစ်တော်လှန်ရေးနေ့ ကိစ္စကိုတော့ဖြင့် ဖက်ဆစ်တော်လှန်ရေးနေ့အဖြစ် သတ်သဘောပဲထားပြီးလျှင် တကယ်တပ်မတော်ဟာ အခမ်းအနားကျင်းပမယ်ဆိုရင်တော့ မွန်မြတ်တဲ့လွတ်လပ်ရေးနေ့မှာ ပြည်သူလူရဲ့ အခန်းကဏ္ဍကရှေ့တန်းမှာပါဝင်ပြီးတော့ တပ်မတော်သားများကလည်း မိမိတို့ရဲ့တာဝန်ဖြစ်တဲ့စစ်ရေးပြအခမ်းအနားအဖြစ် တာဝန်ရှိတဲ့ နိုင်ငံတော်အကြီး အကဲကို ပြည်သူပြည်သားများနဲ့အတူတကွ အလေးပြုခြင်းပါဝင်ဆောင်ရွက်တဲ့ အခမ်းအနားမျိုးကိုပြုလုပ်ခြင်းသာလျှင် ပြည့်စုံတယ်လို့ပဲ ယုံကြည်ခဲ့ပါတယ်။"

တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးမှာ ဦးဆောင်ရမယ်ဆိုပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သီးခြားအခွင့်အရေးတွေ ရယူလိုက်တဲ့အပေါ်မှာရော ဘယ်လိုမြင်ပါသလဲ။

"တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးမှာတော့ သူ့အခန်းကဏ္ဍတခုအနေနဲ့အရေးကြီးတဲ့ ထူးခြားတဲ့အခန်းကဏ္ဍကို ပါရမယ်ဆိုတာကလက်ခံပါတယ်။ ပထမပိုင်းပြောတဲ့အထဲမှာ ပါပြီးသွားပြီ။ သို့သော် ဒီအမျိုး သားရေးအခန်းကဏ္ဍမှာ ဦးဆောင်တဲ့ဆိုတဲ့ စကားလုံးဟာတော့ဖြင့် မသင့်မြတ်ပါဘူး။ တကယ်တမ်းပတ်သက်ပြီး ဦးဆောင်ရမှာက ပြည်သူလူထုကပဲ ဦးဆောင်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုတွေရဲ့ အခန်းကဏ္ဍဟာကြီးမားပါတယ်။ ပြည်သူသာလျှင် အမိ၊ ပြည်သူသာလျှင်အဖဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ ခေါင်းဆောင်မှုအောက်မှာ ဒီတပ်မတော်ဟာ မိမိကျရာတာဝန်ကိုဝန်ထမ်းကောင်းအနေနဲ့ ကျေပွန်စွာထမ်းဆောင်တဲ့ကိစ္စပါသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ သေချာသီးခြား မိမိဟာ လူတန်းစားတရပ်အနေနဲ့ ထည့်ပြောထားတဲ့အခွင့်အရေးထည့်ခြင်းဟာ အင်မတန်မှ မသင့်လျော်ပါဘူး။"

"အဲတော့ အခုအခြေအနေအချိန်အခါအရ သူတို့ထည့်ထားတဲ့ကိစ္စအရပ်ရပ်နဲ့ ပတ်သက်တာအားလုံးဟာ သူတို့နည်းသူတို့ ထည့်ထားတာဖြစ်တဲ့အတွက် အဖွဲ့ချုပ်ဟာ ဒီအပေါ်မှာသိပ်ပြီးတော့ ဘဝင်မကျလှပါဘူး။ဖြစ်ရမှာက ဘယ်လိုဖြစ်ရမလဲဆိုရင် အခြေအနေအရဖြစ်တယ်ဆိုရင်ကောင်းပါပြီ၊ တပ်မတော်အင်အားကို ထပ်ပြီးတော့ထည့်မယ်၊ ၂၅ရာခိုင်နှုန်းပါ ဝင်ရမယ်ဆိုပြီး ထည့်တယ်ဆိုတဲ့ဟာမှာလည်းပဲ သေချာသီးသီးသန့်သန့်နဲ့ သူတို့ရဲ့ သက်တမ်းတခု၊ သက်တမ်းနှစ်ခုအလား ဘယ်ရွေ့ဘယ်မျှလျှော့ သွားပြီးတော့ နော်က ၄ နှစ်တိုင်သည်၊ နောက် ၈ နှစ်တိုင်သည့် အချိန်အခါမှာ ဒီတပ်မတော် အခန်းကဏ္ဍဟာ ဦးဆောင်အခန်းကဏ္ဍထက် ဒီတပ်မတော်သားတွေဟာ ပြည်သူပြည်သားဝန်ထမ်းကောင်းတွေဖြစ်တဲ့အတွက် ပြည်သူပြည်သားတွေရဲ့ ဦးဆောင်မှုအောက်မှာ ပါဝင်တဲ့ လေးနက်တဲ့ အခန်းကဏ္ဍက ပါဝင်တာသာလျှင် တိုင်းပြည်အတွက် ပိုမိုပြီး အကျိုးရှိမှာဖြစ်ပါလိမ့်မယ်။ တပ်မတော်ဟာ လူတန်းစားတရပ်မဟုတ်ပါဘူး။ တပ်မတော်ဟာ ပြည်သူထဲမှာ ရင်နင့်သည်းချာ မွေးဖွားလာတဲ့ ပြည်သူတွေရဲ့သားသမီးတွေဖြစ်တဲ့အတွက် အားလုံးမိဘပြည်သူသားသမီးတွေနဲ့ အတူတကွပဲ အခွင့်အရေးရှိထိုက်ပါတယ်။"

တပ်မတော်က အနာဂတ်မြန်မာ့နိုင်ငံရေးမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားကိုးနဲ့ အုပ်စိုး လွှမ်းမိုးလာရင် ဘယ်လိုအကြောင်းအရာတွေများ ဖြစ်ပေါ်လာမလဲ။

"ဒီဟာ အစဉ်အလာကောင်းတရပ် ဖြစ်လာနိုင်မယ်လို့တော့ မယူဆပါဘူး။ ဒါကြောင့်မို့လို့အဖွဲ့ချုပ်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝလက်ခံခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် ရှေ့ဆက်ပြီးတော့ သွားမယ့်ဆိုတဲ့အခင်းအကျင်းဟာလည်းယူနီဖောင်းချွတ်လဲပြီးတော့ အရပ်ဝတ်အရပ်စားဝတ်တဲ့စစ်အခင်းအကျင်း၊ စစ်အုပ်ချုပ်ရေးအခင်းအကျင်း အခမ်းအနားမျိုးကို သွားမယ်လို့ပဲ ယုံကြည်ထားပါတယ်။ အဲဒါကြောင့်မိုလို့ ဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြင်ဆင်သင့်ပြင်ဆင်

**စာမျက်နှာ ၅ သို့**

# ရှမ်းခေါင်းဆောင် ဦးခွန်ထွန်းဦး နိုင်ငံရေးသူရဲကောင်းအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်

**RFA ၊ မတ်လ ၃၀ ။** ။ စစ်အစိုးရက နှစ်ရှည်ထောင်ဒဏ်ချထားတဲ့ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးအပါအဝင်၊ အခြားအကျဉ်းကျရှမ်းခေါင်းဆောင်တွေကို တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးခေါင်းဆောင်တွေက နိုင်ငံရေးသူရဲကောင်းအဖြစ် ဂုဏ်ပြုမှတ်တမ်းပေးအပ်တဲ့ပွဲကို ရန်ကုန်မြို့က ဦးခွန်ထွန်းဦးရဲ့နေအိမ်မှာ မတ်လ ၃၀ ရက် ဒီနေ့ပြုလုပ်ခဲ့ကြပါတယ်။

ဒီပွဲကို ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့နဲ့ NLD အဖွဲ့ချုပ်ကလည်း တက်ရောက်ချီးမြှင့်ခဲ့တယ်လို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကို အခုလိုပြောပါတယ်။

"SNLD က ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးခွန်ထွန်းဦးနဲ့ ရှမ်းတိုင်းရင်းသားခေါင်းဆောင်များကို တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအင်အားစုများက နိုင်ငံရေးသူရဲကောင်းများအဖြစ် ဂုဏ်ပြုလွှာပေးအပ်တဲ့အခမ်းအနားကို ဦးခွန်ထွန်းဦးရဲ့နေအိမ်မှာ ဒီနေ့မနက်ကျင်းပပါတယ်။ အဲဒီမှာတက်ရောက်တဲ့ ပုဂ္ဂိုလ်များကတော့ဦးအေးသာအောင်တို့၊ ဦးပူကျင့်ရှင်းထန်တို့၊ နောက် ဦးထောင်ကိုထန်းတို့၊ နောက် ကျွန်တော်တို့ ဦးနိုင်ငွေသိန်းတို့၊ ဦးနိုင်ထွန်းသိန်းတို့ စတဲ့ပုဂ္ဂိုလ်တွေ၊ ဦးသာဘန်းတို့ဘာတို့စတဲ့ပုဂ္ဂိုလ်တွေ၊ နောက် ဦးစိုင်းစောအောင်စတဲ့ အဲလို ရှမ်းတိုင်းရင်းသားခေါင်းဆောင်တွေ၊ ရခိုင်စတဲ့တိုင်းရင်းသားခေါင်းဆောင်တွေ တွေ့ရပါတယ်။"

"နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာဦးဝင်းတင်၊ ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်စတဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ တက်ရောက်ပါတယ်။ နောက် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ သခင်ချန်ထွန်းတို့၊ နောက်တိုင်းရင်းသားခေါင်းဆောင်ထဲက မစ္စတာဦးအာပီသောင်းတို့ ဘာတို့လည်းတက်ရောက်တာတွေ့ရပါတယ်။"

ဂုဏ်ပြုလွှာကို ဦးခွန်ထွန်းဦးရဲ့ဇနီး ဒေါ်ဝေဝေလွင်ကို ပေးအပ်လိုက်တယ်လို့ဆိုပါတယ်။ ဦးခွန်ထွန်းဦးဟာ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီရဲ့ဥက္ကဋ္ဌဖြစ်ပြီး သူတို့ကို ၂၀၀၅ ခုနှစ်မှာ စစ်အစိုးရက အမျိုးသားညီလာခံကျင်းပရေးကို နှောင့်ယှက်မှုနဲ့စွပ်စွဲပြီး ဖမ်းဆီးထောင်ချထားတာပါ။ လက်ရှိမှာဦးခွန်ထွန်းဦးက ထောင်ဒဏ် ၉၃ နှစ်နဲ့ ကချင်ပြည်နယ် ပူတာအိုထောင်မှာအပို့ခံထားရပြီး ကျန်းမာရေး ချို့တဲ့ နေတယ်လို့သိရပါတယ်။

SNLD ပါတီအတွင်းရေးမှူးဦးစိုင်းညွန့်လွင်ကို ထောင်ဒဏ် ၈၅ နှစ်နဲ့ ကလေးအကျဉ်းထောင်၊ ဦးစိုင်းလှအောင်ကို ထောင်ဒဏ် ၇၅ နှစ်နဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူထောင်၊ အပစ်ရပ် ရှမ်းပြည်တပ်မတော် မြောက်ပိုင်းနာယက ဗိုလ်ချုပ်ဆေထင်ကို ထောင်ဒဏ် ၁၀၆ နှစ်နဲ့ ရခိုင်ပြည်နယ် စစ်တွေထောင်မှာ ပို့ထားတယ်လို့သိရပါတယ်။

သူတို့နဲ့အတူထောင်ချခံလိုက်ရတဲ့ ဆရာဦးမြင့်သန်းက သံတွဲအကျဉ်းထောင်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ SNLD ဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ တနိုင်ငံလုံး လွှတ်တော်ကိုယ်စားလှယ် ဒုတိယအများဆုံး ရရှိတဲ့ပါတီ ဖြစ်ပါတယ်။

---

**စာမျက်နှာ ၄ မှ**

ထိုက်သော ဒီမိုကရေစီအားလုံး ပြင်ဆင်ဖို့ပြောတာမဟုတ်ပါဘူး။ ဒီမိုကရေစီကျမယ့် ပြင်ဆင်သင့်ပြင်ဆင်တာများကို အားလုံးတိုင်းရင်းသားများ အပါအဝင် ကျေကျေလည်လည် ဆွေးနွေးပြီးလျှင်လုံးဝ အဆင်ခိုင်မြဲမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုလားတောင့်တတာရှိနေပါ တယ်။ ယခုလက်ရှိသွားနေတဲ့ပုံအတိုင်းကတော့ဖြင့် ပိုမိုပြီးတော့ထူးခြားသိသာလာမယ့် တိုးတက်မှုရှိလာလိမ့်ဦးမယ်လို့ မယုံကြည်ပါဘူး။"

မြန်မာ့နိုင်ငံရေးတိုးတက်လာဖို့အတွက် တပ်မတော်က ဘယ်လို အခန်းကဏ္ဍကနေပြီး ပါဝင်သင့်ပါသလဲ။ တပ်မတော်သားတွေအနေနဲ့ကော ဘယ်လို ဂုဏ်သိက္ခာရှိတဲ့ တပ်မတော်သားတွေဖြစ်ဖို့လိုပါသလဲ။

"ဒါသိပ်ရှင်းပါတယ်။ တပ်မတော်သားတွေဟာ ပြည်သူလူထုတွေရဲ့ လုံခြုံမှု၊ အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုစသဖြင့် တာဝန်တရပ်ကိုထမ်းဆောင်ရမယ်ဆိုတဲ့ အဓိကတာဝန်ရှိပါတယ်။ အဲဒီလိုအခါ အခြေအနေအရပ်ရပ်ကို နှစ်ပိုင်းပိုင်းရပါမယ်။ နိုင်ငံတော်နဲ့ပတ်သက်လို့ မိမိဘေးမှာ အန္တရာယ်ပြုလာတဲ့ အခြားခြားသောနိုင်ငံများရဲ့ အန္တရာယ်ပြုလာတဲ့အခါမှာ တပ်မတော်သားတွေသည် မိမိတို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကို အသက်အိုးအိမ်ဘေးကာကွယ်ရမယ်ဆိုတဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမယ်။ အဲလို ကျေပွန်စွာထမ်းဆောင်ရင်းနဲ့ ပြည်သူလူထုတရပ်လုံးအားလုံးကလည်း ဒီလိုကျေပွန်စွာထမ်းဆောင်တာကို လူထုအားလုံးက နောက်ကနေပြီးတော့အားပေးအားမြှောက်ထောက်ခံသောအားဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။ အဓိကကတော့ဖြင့် ဒီအခန်းကဏ္ဍနဲ့ပတ်သက်လို့ နိုင်ငံတော်နဲ့ပတ်သက်တဲ့ တိုးတက်ရာတိုးတက်ကြောင်းဆောင်ရွက်ရမယ့်ကိစ္စအရပ်ရပ်သည်ပြည် သူပြည်သားများတို့၏ အဓိကတာဝန်ဖြစ်ပါတယ်။ ဒီပြည်သူ ပြည်သားများ၏ အဓိကတာဝန်ကို တပ်မတော်သားများကနေပြီးတော့ ဆောင်ရွက်ပေး ရမှာဖြစ်ပါတယ်။ အခြေအနေအရချက်ချင်းအရေးတကြီးဖြစ်လို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးရာအကြောင်း ပေါ်လာတယ်ဆိုရင် ထိုအကြောင်းတွေနဲ့ပတ်သက်လို့ အဓိကအောင်မြင်အောင် ဆောင်ရွက်ရမှာကတော့ တပ်မတော်သားတွေရဲ့တာဝန်ဖြစ်ပါတယ်။"

"သို့သော် တပ်မတော်ရဲ့အင်အားတွေသာမက ပြည်သူပြည်သားတို့ရဲ့ နောက်ကနေပြီး ထောက်ခံအားပေးတဲ့ တက်တက်ကြွကြွပါဝင်စည်းရုံးဆောင်ရွက်မှုနဲ့ အောင်မြင်စွာလုပ်ရပါမယ်။ ဒါက စစ်ရေးအခြေအနေနဲ့ပတ်သက်လို့ ကျနော်တို့ နိုင်ငံတော်ရဲ့ အန္တရာယ်ကြုံလာတာမျိုးတွေ့ရင်တော့ ဒီလိုဆောင်ရွက်နိုင်ပါတယ်။ သို့သော် နိုင်ငံတော်မှာ ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့ရဘဲ အေးအေးချမ်းချမ်းနေမယ်ဆိုရင်တော့ ပြည်သူပြည်သားရဲ့ ခေါင်းဆောင်မှုအခန်းကဏ္ဍက အဓိကဖြစ်ပါမယ်။ ခုနကပြောခဲ့တဲ့အထဲမှာ နိုင်ငံတော်နဲ့ပတ်သက်လို့စစ်ရေးရာအရ လုံခြုံရေးထိခိုက်မယ့်ကိစ္စပေါ်သည်ပင်လျှင် တကယ်ဦးဆောင်မှုအခန်းကဏ္ဍက ပြည်သူလူထုပါ။"

"ပြည်သူလူထုရဲ့အင်အားနဲ့ အဓိကဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီဆောင်ရွက်မှုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အလေ့အကျင့်ပေးထားသော တပ်မတော်သားစစ်သည်သားများက ကျေပွန်စွာ အောင်မြင်စွာဆောင်ရွက်နိုင်တဲ့နည်းလမ်းဖြစ်ပါတယ်။ ခေါင်းဆောင်မှုကတချိန်လုံးပြည်သူလူထုကသာလျှင်ခေါင်းဆောင်ရမယ်ဆိုတဲ့ အနေအထားမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ခေါင်းဆောင်မှုအပေါ်မှာမူတည်ပြီးတော့မိမိ စွမ်းစွမ်းတမံထမ်းဆောင်ရမယ့်တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ဖို့သာလျှင် အဓိကဖြစ်ပါတယ်။ အဲဒီလိုလုပ်ကိုင်သွားမှသာလျှင် တပ်မတော်ရဲ့ဂုဏ်သိက္ခာ တဖြည်းဖြည်းတိုးတက်လာပြီးတော့ ဆက် လက်ပြီးတော့ ပြည်သူလူထုအားလုံးတရပ်လုံးရဲ့ စည်းလုံးညီညွတ်စွာ ထောက်ခံအားပေးမှုဖြင့် ပြည်သူ့တပ်မတော်ဟာ ဆက်လက်ပြီးတောင် ဂုဏ်ရောင်ပြောင်တဲ့ ဂုဏ်သိက္ခာရှိတဲ့ တပ်မတော်ဖြစ်လာနိုင်ပါတယ်။"

# စာပေစိစစ်ရေးတင်စရာမလို မြန်မာစာနယ်ဇင်းလောက၏ စာမျက်နှာသစ်ဟုဆို

**DVB । မတ်လ ၂၈ ။** ။ အစိုးရအဖွဲ့သစ်အာဏာလွှဲပြောင်းပြီးတဲ့နောက်ပိုင်းပြည်တွင်းမှာထုတ်ဝေနေတဲ့ ဂျာနယ်တွေ၊ စာစောင်တွေ၊ မဂ္ဂဇင်းနဲ့လုံးချင်းစာအုပ်တွေ အမျိုးအစားတွေအလိုက် စာပေစိစစ်ရေးတင်ပြစရာမလိုတော့ပဲ ထုတ်ဝေခွင့် ရရှိကြတော့မှာဖြစ်ပါတယ်။

ဒီလို ထုတ်ဝေခွင့်ပေးတော့မယ်လို့ဆိုပေမယ့် နိုင်ငံရေးစာပေတွေ အပါအဝင် သတင်းဂျာနယ်တွေနဲ့ စီးပွားရေးကိုအခြေပြုတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေကတော့ အရင်ပုံစံအတိုင်း ဆက်ပြီးစာပေစိစစ်ရေးကို တင်ပြနေကြရဦးမှာဖြစ်ပါတယ်။ ဒီအခြေအနေတွေနဲ့ပတ်သက်ပြီး မြန်မာပြည်စာနယ်ဇင်းလောကထဲမှာ အပြုသဘောဆောင် ကြိုဆိုနေကြတာမျိုးတွေရှိသလို တချို့ကလည်း သံသယနဲ့ စောင့်ကြည့်ရမယ်လို့လည်း ပြောဆိုနေကြတာမျိုးတွေရှိနေပါတယ်။ အဲ့ဒီထဲက ဝါရင့်သတင်းစာဆရာတဦးဖြစ်သလို ပြည်သူ့ခေတ်ဂျာနယ်နဲ့ အမှုဆောင်အယ်ဒီတာတဦးဖြစ်တဲ့ ဆရာမောင်ဝံသကတော့ မြန်မာစာနယ်ဇင်းလောကရဲ့ စာမျက်နှာသစ်ဖြစ်မယ်လို့ ပြောဆိုလိုက်ပါတယ်။

“စာစောင်တွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ အကုန်လုံးတင်ရတာ ကြာပြီ၊ အနှစ် ၄၀ လောက်ရှိပြီ။ အဲတော့ အဲဒီအလေ့အကျင့်နဲ့ ယဉ်ပါးလာတဲ့လူတွေ၊ အဲဒီအလေ့အကျင့်နဲ့ဆက်ဆံလာရတဲ့ စာနယ်ဇင်းလောကက နောက်ထပ်စာမျက်နှာ သစ်တခုကိုစပြီးတော့ ကျနော်တို့ရင်ဆိုင်ရမှာပေါ့။ အဲဒီအချိန်မှာဘယ်လိုဆိုတာကို ကျနော်တို့မှန်းလို့ပဲ ရမယ်လေ။”

ဒီအခြေအနေမှာပဲ စာနယ်ဇင်းလောကသားတွေကြား စာပေစိစစ်ရေးကချထားတဲ့မူဝါဒတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားတဲ့ လွတ်လပ်စွာ၊ ထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်စတဲ့အခွင့်အရေးတွေနဲ့ ကိုက်ညီအောင် အယ်ဒီတာအဖွဲ့တွေကပဲ တည်းဖြတ်ထုတ်ဝေတာမျိုးတွေ လုပ်လာရလိမ့်မယ်လို့ ပြောဆိုနေကြတာမျိုးတွေရှိနေပြန်ပါတယ်။ ဒီအခြေအနေအပေါ်ကိုလည်း ဆရာမောင်ဝံသက အခုလိုပြောပါတယ်။

“ထားသင့်တဲ့ ဦးတည်ချက်က စာပေစိစစ်ရေးက ငါတို့ကို ဘယ်လိုလုပ်နိုင်တယ်၊ ဘယ်လိုညှိပါ့မလား၊ အစိုးရက ကြိုက်ပါ့မလားဆိုတာကို စဉ်းစားစရာမလိုဘူး၊ အစိုးရကြိုက်တာမကြိုက်တာမဆိုင်ဘူး၊ တိုင်းသူပြည်သားတွေအတွက် အကျိုးရှိလားမရှိလား၊ တိုင်းပြည်အတွက် အကျိုးရှိမရှိ၊ အဲဒါတွေကို ကြည့်ရမယ်။ နောက်တခုက စာနယ်ဇင်းပညာမှာရှိပါတယ်။ အသရေဖျက်မှုတို့၊ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေကို ဖောက်ဖျက်တာတို့၊ အဲဒါတွေကို ကျေကျေညက်ညက်နဲ့လေ့လာထားပြီးတော့ အဲဒါမျိုးတွေကို မကျူးလွန်မိအောင် ကြိုးစား၊ သူများကို အသရေဖျက်တာမျိုးဆိုရင် ပုဒ်မ ၅၀၀ နဲ့တရားစွဲခံရမှာပဲ၊ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေကိုဖောက်ဖျက်တယ်ဆိုရင် အဲဒီဥပဒေအတိုင်းအရေးယူခံရမှာပဲ၊ အဲဒါမျိုးတွေရှောင်နိုင်ရင် ကျန်တာတော့ဘာမှ ပြဿနာမရှိနိုင်ဘူး။”

အစိုးရပိုင်းက အခုလိုစာနယ်ဇင်းတွေနဲ့ပတ်သက်တဲ့ တင်းကျပ်မှုတွေကို ဖြေလျှော့ဖို့ ပြင်ဆင်နေပေမယ့်လည်း အစိုးရနဲ့စာနယ်ဇင်းလောက သားတွေကြားအပြန်အလှန်နားလည်မှုတွေနဲ့ တည်ဆောက်သွားကြဖို့လိုမယ်လို့ စာနယ်ဇင်းအဖွဲ့ ဒုဥက္ကဋ္ဌဖြစ်သလို ရန်ကုန်တိုင်းမ်နဲ့ ဖလားဝါးနယူးဂျာနယ်တွေရဲ့ အယ်ဒီတာချုပ် ဆရာဦးကိုကို (စက်မှုတက္ကသိုလ်) က ပြောပါတယ်။

“အဓိကအရေးကြီးတဲ့အချက်က ကျနော်တို့စာပေသမားတွေနဲ့ Policy maker လို့ပဲ ခေါ်ခေါ် အာဏာပိုင်တွေနဲ့ကြားထဲမှာ နားလည်မှုလမ်းကြောင်း ရှိဖို့တော့ တော်တော်အရေးကြီးတယ်။ စာပေလောကသားတွေကလည်း လွတ်လပ်ပြီဆိုပြီးတော့ လွတ်လပ်မှုပေါ်မှာ အခွင့်အရေးယူပြီးတော့ ငါတို့ရေးလို့ရသလောက်တော့ ရေးလိုက်မယ်၊ လုပ်တယ်ဟ ဆိုရင်တော့ ကျန်တဲ့လူတွေအတွက် အခွင့်အလမ်းတွေပိတ်သွားမယ်၊ လွတ်လပ်မှုရှိသော်ငြားလည်း စာပေသမားတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေသူတွေကလည်း တဆင့်ပြီးတဆင့် ကြိုးစားပြီးတော့ပဲယူသင့်တယ်။ သတိထားပြီးတော့ ယူသင့်တယ်လို့ကျနော်မြင်တယ်၊ ဒီဘက်အခြမ်းက လူတွေ နားလည်မှုတည်ဆောက်ရမှာ လိုအပ်တဲ့အခြေခံအချက်လို့ မြင်တယ်။”

ဒါ့အပြင် အစိုးရပိုင်းကလည်း အလျှော့ပေး လုပ်ဆောင်ပေးတာမျိုး ဖြစ်သင့်တယ်လို့ ဦးကိုကိုက ဆက်ပြောပါတယ်။

“အစိုးရပိုင်းကလည်း ဒါစာပေလွတ်လပ်ခွင့် တပိုင်းတစကို မြေစမ်းခရမ်းမျိုးလေ့ကျင့်ခန်းလုပ်ခိုင်းတဲ့ပုံစံမျိုးလုပ်ခိုင်းပြီး တိုင်းပြည်ကို အင်မတန်ထိခိုက်နစ်နာအောင် လုပ်တဲ့အမှားမျိုးကလွဲရင် တော်ရုံတန်ရုံအမှားမျိုးကိုအမှားသေးလေးတွေ၊ အငယ်လေးတွေဆိုရင်တော့ မိဘကသားသမီးကို ခွင့်လွှတ်တာမျိုးပဲဖြစ်ဖြစ်၊ အကြီးအကဲကနေ အောက်လက်ငယ်သားကို ခွင့်လွှတ်တာမျိုးပဲဖြစ်ဖြစ်အတွေ့အကြုံရှိတဲ့ လူက အတွေ့အကြုံနည်းတဲ့လူကို ခွင့်လွှတ်တာမျိုးဖြစ်ဖြစ် လက်တွဲခေါ်တာမျိုးလုပ်သွားဖို့လိုမယ်။ အဲဒီလမ်းကြောင်း ၂ ခု။ တယောက်ကလည်း အဲဒီလမ်းကြောင်းကိုအခွင့်အရေးကို အရမ်းမယူနဲ့၊ လွတ်လပ်မှုကို အရမ်းအသုံးမချနဲ့၊ ဖြည်းဖြည်းချင်းသွား၊ နောက်တဖက်ကလည်း တကယ်လို့မှားတာရှိရင် အမှားသေး အမှားငယ်ရှိရင်လည်း မေတ္တာတရားထားပြီးတော့ လက်တွဲခေါ်တဲ့စိတ်နဲ့ ခွင့်လွှတ်နိုင်မယ်ဆိုရင် ကျနော်တို့ အဆင်ပြေသွားလိမ့်မယ်။”

အခုလို ဂျာနယ်အမျိုးအစားအတော်များများ စာပေစိစစ်ရေးတင်ပြစရာမလိုတော့သလိုပဲ လက်ရှိပြန်ကြားရေးဝန်ကြီး ဌာနလက်အောက်မှာရှိတဲ့ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနကိုလည်း အစိုးရသစ်လက်ထက်မှာကော်မတီတရပ်အနေနဲ့ အမည်ပြောင်းလဲ ခေါ်ဖို့ရှိနေပြီး ဒီကော်မတီကနေ စာနယ်ဇင်းတွေကို ဘယ်လိုကိုင်တွယ်လာမလဲ ဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

---

**စာမျက်နှာ ၂ မှ**

လုပ်နေပါတယ်လို့ဆိုပါတယ်။

ဥရောပသမဂ္ဂမှာ ဂျာမဏီ၊ အီတလီတို့က ဈေးကောက်ပွဲကို ထောက်ခံချင်နေကြတာကို ဗြိတိသျှအစိုးရကမားမားရပ်ပြီး ဥရောပသမဂ္ဂအနေနဲ့ ဈေးကောက်ပွဲကိုဆန့်ကျင်လာအောင် လုပ်နိုင်ခဲ့တယ်။ နောက်ပြီး ဥရောပသမဂ္ဂအနေနဲ့ မြန်မာစစ်အစိုးရအပေါ်ချထားတဲ့ ပြင်းထန်တဲ့ဒဏ်ခတ်အရေးယူမှုတွေကို မရုတ်သိမ်းဘဲဆက်ပြီးထားဖို့ အခုညွှန့်ပေါင်းအစိုးရက ကြိုးစားလုပ်ခဲ့တာတွေ့ရပါတယ်။

နိုဝင်ဘာလက ကုလသမဂ္ဂအထွေထွေညီလာခံမှာလည်း မြန်မာနိုင်ငံကလူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ အပြင်းထန်ဆုံး အပြည့်စုံဆုံး ဆုံးဖြတ်ချက်ကျအောင်လုပ်နိုင်ခဲ့တယ်။ တိုင်းရင်းသားဒေသတွေမှာ စစ်တပ်ရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေတဲ့အတွက် အရပ်သားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်ပေးရေးနဲ့ ပတ်သက်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဗြိတိသျှအစိုးရက ဆွေးနွေးတင်ပြခဲ့တယ်လို့ Mark Farmaner ကဆိုပါတယ်။

ဗြိတိသျှအစိုးရက လူ့အခွင့်အရေးအသိပညာပေးမှုမှာ Civil Socirty လူထုအခြေပြုအဖွဲ့တွေဟာ အဓိကအခန်းကဏ္ဍကပါတဲ့အတွက် အစိုးရရဲ့ DFID လို့ခေါ်တဲ့ နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာဌာနက မြန်မာလူထုအတွက် ထောက်ပံ့ရေးအစီအစဉ်တွေ ဆက်ပြီးတိုးချဲ့နေတယ်လို့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

Mark Farmaner ကတော့ ဒီဖစ်အနေနဲ့ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီရေး လုပ်ရှားနေသူတွေကိုပါ ထောက်ပံ့သင့်တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးမှတ်တမ်းတွေကို ဗြိတိသျှအစိုးရအနေနဲ့ မပြတ်စောင့်ကြည့်နေပြီး သုံးလတကြိမ် အစီရင်ခံစာတွေထုတ်ပြန်သွားမယ်လို့လည်း နိုင်ငံခြားရေးဌာနကပြောပါတယ်။

# စစ်တပ်အင်အားတောင့်တင်းဖို့ သမ္မတသစ်ဦးသိန်းစိန် အလေးပေးပြော

**Mizzima | မတ်လ ၃၀ ။** ။ သမ္မတဦးသိန်းစိန်၏ပြည်ထောင်စု လွှတ်တော်တွင် ဗုဒ္ဓဟူးနေ့က ပထမဆုံးပြောကြားသောမိန့်ခွန်းတွင်စစ်တပ်အင်အားတောင့်တင်းအောင် တည်ဆောက်သွားရမှာဖြစ်ကြောင်း အလေးထားပြောကြားသွားခဲ့သည်။

" နိုင်ငံတော်ကာကွယ်ရေးကို ပေါ့ပေါ့တန်တန်နဲ့သဘောထားကြရင် ခေတ်သစ်ဖျက်ဆီးခံရခြင်းမျိုးနဲ့တွေ့ကြုံကြရဦးမှာဖြစ်ပါတယ်။ ပထဝီဝင်အနေအထားရော၊ စီးပွားရေးအရပါ အချက်အချာကျတဲ့ မိမိတို့နိုင်ငံသည် နယ်ချဲ့လက်သစ်တွေဝင်ရောက်စွက်ဖက် ခြယ်လှယ်နေတဲ့အန္တရာယ်ရှိနေတာကိုအားလုံးသဘောပေါက်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက် အဆင့်မီတပ်မတော်တရပ်ရှိဖို့လိုပါတယ်" ဟု အငြိမ်းစားဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်က ထည့်သွင်းပြောကြားသွားသည်။

၁၉ နှစ်ကြာ အတိုက်အခံများကိုဖိနှိပ်ကာ အုပ်ချုပ်သွားခဲ့ကာ ဗုဒ္ဓဟူးနေ့တွင်အနားယူသွားသည့် အငြိမ်းစားဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေ၏လူယုံတဦးဟုလူသိများသော အသက် ၆၆ နှစ်အရွယ် ဦးသိန်းစိန်က နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦးတွင် ကြိုတင်ရေးသားလာခဲ့သောမိန့်ခွန်းကို ဖတ်ကြားသွားခဲ့ခြင်းဖြစ်သည်။

" နိုင်ငံတော်ကာကွယ်ရေးမတောင့်တင်းရင် သူတပါးရဲ့အနိုင်ထက်ပြုကျင့်မှုကိုခံကြရမှာဖြစ်ပါတယ်။ ကိုယ့်မင်းကိုယ်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ နှစ်ပေါင်းရာထောင်ချီပြီး နေလာခဲ့ကြတဲ့လူမျိုး ဘဝမှ ကုန်းဘောင်ခေတ်ဇတ်သိမ်းခန်းမှာ နယ်ချဲ့လက်အောက်ကို လွယ်လွယ်ကလေးနဲ့ကျရောက်ရခြင်းဟာ ခေတ်မီတဲ့တပ် မတော်တရပ် မရှိခဲ့လို့ဖြစ်ပါတယ်" ဟု ဦးသိန်းစိန်က ပြောသည်။

" လက်ရှိတပ်မတော်ကို အင်အားတောင့်တင်းတဲ့ တပ်မတော်၊ အစွမ်းအစရှိတဲ့တပ်မတော်၊ ခေတ်မီတဲ့တပ်မတော်၊ မျိုး ချစ်စိတ်ထက်သန်တဲ့တပ်မတော်ဖြစ်အောင် အားလုံးဝိုင်းပြီးတည်ဆောက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဟာ နိုင်ငံသားတိုင်းမှာ တာ ဝန်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံသားအားလုံးဝိုင်းဝန်းပြီး တာဝန်ယူကြရမှာဖြစ်ပါတယ်"ဟု ဦးသိန်းစိန်၏ မိန့်ခွန်းတွင်ပါရှိသည်။ အရှေ့တောင်အာရှအသင်းဝင်နိုင်ငံများတွင် အမျိုးသားဝင်ငွေ အနည်းဆုံးဖြစ်သောမြန်မာနိုင်ငံ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက်လျာထားသော စစ်အသုံးစရိတ်မှာ နိုင်ငံစုစုပေါင်းအသုံးစရိတ်၏ ၂၅ ရာခိုင်နှုန်းနီးပါးရှိပြီး မြန်မာကျပ်ငွေ ၁.၈ ထရီလီယံ ဖြစ်သည်။

လက်ရှိမြန်မာ့တပ်မတော်တွင် စစ်သည်အင်အား ၄ သိန်းခန့်ရှိမည်ဟုခန့်မှန်းထားကြပြီး အခြေခံဥပဒေသစ်အရ စစ်တပ်၏အသုံးစားရိတ်များကို လွှတ်တော်ကစစ်ဆေးခွင့်မပြုဘဲ ကန့်သတ်ထားသည်။

အာဏာရှင်ဟောင်းဦးသန်းရွှေ၏စစ်အစိုးရအဖွဲ့တွင်ဝန်ကြီးချုပ်ရာထူးယူခဲ့သောဦးသိန်းစိန်မှ စစ်အစိုးရကိုချီးမွမ်းစကားဆိုရာတွင် အဘက်ဘက်ကယိုယွင်းပျက်ဆီးနေသည့်နိုင်ငံကို အေးချမ်းသောခေတ်မီဖွံ့ဖြိုးသောနိုင်ငံအဖြစ် ဆက်လက်တည်ဆောက်ရန် အမွေခံကောင်းများပေးသွားခဲ့သည်ဟုလည်း ဆိုသည်။

နိုင်ငံရေးနှင့်ပတ်သက်သည့်ပြောကြားချက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆွေးနွေးရုံနှင့်မပြီးဘဲ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေး အခြေခံကောင်းများပြုလုပ်ပေးရန်လိုသည်ဟု ပါရှိသည်။

ထို့အပြင် အတိုက်အခံများကိုလည်း " ကမ္ဘာ့အလယ်မှာ ကိုယ့်တိုင်းပြည် ဂုဏ်သရေကျဆင်းအောင်ပြုမူပြောဆိုခြင်းမပြုလုပ်ကြဖို့၊ ကိုယ့်နိုင်ငံသားတွေကိုထိခိုက်နစ်နာအောင်မပြုလုပ်ကြဖို့ လိုပါတယ်" ဟုသူကဆိုသည်။

" ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကိုတရားနည်းလမ်းကျစွာနဲ့ ရယူကြမယ်ဆိုရင် သာဓု ခေါ်ကြမှာဖြစ်တဲ့အတွက် ကျနော်တို့အစိုးရအနေနဲ့ငြိမ်းချမ်းရေးတံခါးကိုဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်း" ပြောဆိုသွားသည်။ သမ္မတက အစိုးရကဝင်ရောက်စွက်ဖက်မှုရှိသော ဈေးကွက်စီးပွားရေးကို ကျင့်သုံးမည်ဟုလည်း နာရီဝက်ခန့်ကြာသောမိန့်ခွန်းတွင် ပြောကြားသွားသည်။

အလုပ်သမားအတွက် အနိမ့်ဆုံးလစာသတ်မှတ်မှုကိုမြှင့်တင်သွားမည်ဟု သဲလွန်စပေးပြောကြားသွားပြီး အလုပ်အကိုင် အခွင့်အလမ်း များပေါ်များပြီး ကုန်ဈေးနှုန်းတည်ငြိမ်အောင်လုပ်မည်ဟု လည်းဆိုသည်။ ထို့အပြင် လာဘ်ပေးလာဘ်ယူမှုကို တားဆီးသွားမည်ဖြစ်ကြောင်းပြောကြားရာတွင် " လာဘ်ပေးလာဘ်ယူမှုဟာ လူတဦးချင်းထိခိုက်စေရုံသာမက နိုင်ငံနဲ့လူမျိုးရဲ့ဂုဏ်သိက္ခာကိုပါ ထိခိုက်စေတဲ့အတွက် ပြည်သူတွေရဲ့အကူညီကိုရယူပြီး ထိရောက်စွာတားဆီးသွားပါ့မယ်" ဟုဆိုသည်။

ကမ္ဘာ့နိုင်ငံများတွင် အကျင့်ပျက်ခြစားမှုများကိုတိုင်းတာ၍အစီရင်ခံစာထုတ်ပြန်နေသောယုံကြည်ရသည့် Transparency In ternational ၏ ၂၀၀၉ ခုနှစ်အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်နှင့်တန်းတူ ကမ္ဘာပေါ်တွင် ဒုတိယအဆိုးရွားဆုံး လာဘ်ပေးလာဘ်ယူမှုထူပြောသည့်နိုင်ငံဖြစ်သည်ဟုဆိုသည်။ အဆိုးဆုံးနိုင်ငံမှာ ဆိုမာလီဖြစ်သည်။

သမ္မတက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအကျယ်တဝံ့ပြောကြားသွားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်များကို ဟန်ချက်ညီညီ ထိန်းညှိဆောင်ရွက်မည်ဟုပြောသွားသည်။

---

စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ ... "အခုဒီဥပဒေတွေဟာ NLD အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတွေ အများကြီးပါနေပါ တယ်။ ဒီလို စိန်ခေါ်မှုတွေကို ကျမအနေနဲ့ စိတ်မပျက်ပါဘူး။ ဒီလို ကြီးမားတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အင်အားတရပ်ကိုတောင်မှ ပြန်လည်မွေးမြူရာရောက်ပါတယ်။ ပြည်သူလူထုကလည်းအဲသလိုသဘောထားပြီး ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အထူးသဖြင့် အဖွဲ့ချုပ်ဒီမိုကရေစီလိုလားသူများနဲ့ တသားတည်း ရင်ဆိုင်ဖို့ လိုအပ်ပါတယ်"

**ဒေါ်အောင်ဆန်းစုကြည်**

# သရုပ်ဆောင်ဒါရိုက်တာ ကိုဇာဂနာအကြောင်း ရုပ်ရှင် ဝါရှင်တန်မြို့တော်မှာပြသ

**VOA ၊ မတ်လ ၃၀ ။** ။ မြန်မာနိုင်ငံရဲ့ နာမည်ကြီး ဟာသ သရုပ်ဆောင်၊ ဒါရိုက်တာ၊ လက်ရှိ မြန်မာစစ်အစိုးရအကျဉ်းထောင်တွင်းမှာ ထောင်ဒဏ် ၃၅ နှစ် ကျခံနေရတဲ့ ကိုသူရ ခေါ် ဇာဂနာအကြောင်း ရိုက်ကူးထားတဲ့မှတ်တမ်းရုပ်ရှင်ခွေတခုကို အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီမြို့တော်က ရုပ်ရှင်ရုံတခုမှာပြသနေပါတယ်။

ကျနော်နေထိုင်ရာအကျဉ်းထောင်လို့အဓိပ္ပာယ်ရတဲ့ The Prison Where I live မှတ်တမ်းရုပ်ရှင်ကို အင်္ဂလန်၊ ပြင်သစ် အပါအဝင် ဥရောပနိုင်ငံတွေအတော်များများမှာပြသခဲ့ပြီးဖြစ်သလို အမေရိကန်ပြည်ထောင်စုကပြည်နယ်တချို့မှာတော့ မတ်လ ၂၄ ရက်နေ့ကစပြီး ပြသနေတာပါ။ ဒီဇာတ်လမ်းကိုကြည့်ခဲ့ပြီးဖြစ်တဲ့ လန်ဒန်မြို့က ကိုခွန်စိုင်းက ဇာတ်လမ်းအကျဉ်းချုပ်ကို အခုလိုပြောပြပါတယ်။

"ဂျာမန်က ဒီနေ့ အင်မတန်မှနာမည်ကြီးနေတဲ့ ဟာသပညာရှင်က မြန်မာပြည်ကိုသတ်သတ်သွားလည်ပြီးတော့ ကိုဇာဂနာနဲ့အတူ လုပ်ခဲ့ကိုင်ခဲ့တဲ့ ကိုဇာဂနာရဲ့လုပ်ဖော်ကိုင်ဘက်တွေနဲ့တွေ့ပြီး ကိုဇာဂနာ့ဘဝကို ခရေစေ့တွင်းကျမေးတဲ့အကြောင်း၊ အဲဒီအခါမှာကိုဇာဂနာ့ကို လူတွေကဘယ်လောက်ချစ်ကြသလဲ၊ သူ့ရဲ့ လုပ်ဖော်ကိုင်ဘက်တွေက ဘယ်လောက်ချစ်ကြသလဲ၊ ကိုဇာဂနာရဲ့ပြက်လုံးတွေကဘယ်လိုတွေပေ့ါ၊ အဲဒါတွေကို အသေးစိတ်တင်ပြထားတယ်။

"နောက်ဆုံးမှာ ဒီဟာသပညာရှင်က ကိုဇာဂနာ့အကြောင်း ပိုပိုစိတ်ဝင်စားလာပြီးတော့ ကိုဇာဂနာကိုအရမ်းတွေ့ချင်လာတယ်။ တကယ့်တကယ်တွေ့ဖို့လုပ်တဲ့အခါကျတော့ ကိုဇာဂနာကထောင်ကျနေတယ်၊ သူတွေ့ခွင့်မရတော့ဘူး။ ဒါပေမဲ့ သူက အရမ်းတွေ့ချင်တယ်။ တွေ့ချင်တဲ့အခါကျတော့ သူက ကိုဇာဂနာရှိတဲ့အရပ်ကိုလိုက်သွားတာ။ ကိုဇာဂနာက အခုအချိန်မှာမြစ်ကြီးနားထောင်မှာ ကျနေတာ။ ထောင်ကလည်း မြို့နဲ့ဆို ခပ်လှမ်းလှမ်းဝေးတဲ့နေရာပေ့ါ။

"အဲဒီ ဟာသအနုပညာရှင်က ကိုဇာဂနာကို သူ မမြင်ရပေမဲ့ ကိုဇာဂနာနဲ့အနီးဆုံးအရပ်ကိုသွားချင်တယ်ဆိုပြီး သူ့စိတ်ထဲမှာဖြစ်ပြီးတော့ အဲဒီထောင်နားအထိသွားတာ။ အင်မတန်မှအန္တရာယ်ကြီးတယ်ပေ့ါနော်။ နိုင်ငံခြားသားတယောက်က ထောင်နားကို ကပ်ပြီးတော့ ကိုဇာဂနာရှိတဲ့အရပ်ကိုမှန်းပြီးတော့ သွားကြည့်တဲ့ ဇာတ်လမ်းလေးပေ့ါ။

"သူ ခိုးကြောင်ခိုးဝှက်သွားရတယ်၊ ဆိုင်ကယ်တစီးရဲ့နောက်က လိုက်ပြီးတော့။ ထောင်ကိုပတ်ပြီးသူကြည့်တယ်။ အဲဒီအခါမှာ နယ်မြေခံထောက်လှမ်းရေးတွေကရိပ်မိသွားပြီး လိုက်တာ။ လိုက်တော့ သူတို့ပြန်ပြီးထွက်ပြေးရတယ်။ နောက်ဆုံး သူလည်း လက်မတင်လေး လွတ်သွားတယ်။ နောက် သူ့ကိုလိုက်ပြီးလမ်းပြလုပ်တဲ့သူလည်း တိုင်းပြည်ကနေထွက်ပြေးရတယ်။ အဲဒီအကြောင်းအရာလေးကို ရိုက်ထားတာ။ တော်တော်စိတ်ဝင်စားဖို့ ကောင်းပါတယ်။"

ဒီရုပ်ရှင်မှတ်တမ်းခွေရိုက်ကူးဖြစ်ခဲ့ပုံနဲ့ဇာဂနာအပေါ် သူ့ရဲ့အမြင်တချို့ကိုတော့ ဒီဇာတ်လမ်းရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ ရက်စ်ဘလွမ်းစတိန်း Rex Bloomstein က ဗွီအိုအေ မြန်မာပိုင်းကို အခုလို ပြောပြပါတယ်။

"ဇာဂနာဟာကျနော့်အတွက်တော့ ထူးခြားတဲ့လူတ ယောက်ပါ။ သူ့အကြောင်းရိုက်ဖြစ်ခဲ့ပုံကတော့ လွန်ခဲ့တဲ့ ၃ နှစ် လောက်ကစခဲ့တာပါ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အကြောင်းမှတ်တမ်းခွေတခုလုပ်ဖို့ ကမ္ဘာတဝန်းကလူတချို့နဲ့ ကျနော်လိုက်လံတွေ့ဆုံပြီး မေးမြန်းမှုတွေလုပ်နေတဲ့အချိန်ပါ။ အဲဒီမှာ လူတယောက်က ကျနော့်ကို အကြံပေးလာတယ်၊ မြန်မာနိုင်ငံမှာ ဟာသပျက်လုံးတွေက သိပ်ကိုအရေးပါတဲ့အကြောင်းကိုလည်း သူကရှင်းပြပါတယ်။

"ဒါနဲ့ မြန်မာနဲ့နိုင်ငံတကာမှာ မိမိရဲ့အယူအဆတခုကို ထုတ်ဖော်ပြောဆိုတဲ့အတွက် ဖမ်းဆီးထိန်းသိမ်းခံကြရတဲ့ ဟာသ သရုပ်ဆောင်၊ ကဗျာဆရာစတဲ့ အနုပညာရှင်တွေအကြောင်းကို ကျနော်မှတ်တမ်းရုပ်ရှင်ရိုက်ချင်ခဲ့ပါတယ်။ မြန်မာနိုင်ငံက နှုတ်ခမ်းမွှေးညီနောင်လို့ လူသိများတဲ့ ပါပါလေးတို့လူရွှင်တော်အဖွဲ့အကြောင်းကိုလည်းကျနော်ကြားရတယ်။ ဒါနဲ့ သူတို့အကြောင်းရိုက်ဖို့ကျနော်ပြင်တယ်။

"အဲဒီမှာ ကျနော့်အဆက်အသွယ်တယောက်က မြန်မာနိုင်ငံမှာတကယ့်ကိုတော်တဲ့ ဟာသအနုပညာရှင်တယောက်ရှိသေးတယ်။ သူကတော့ ဇာဂနာ၊ သူ့အကြောင်းရိုက်သင့်တယ်လို့ ကျနော့်ကိုပြောလာတယ်။ အဲဒီအချိန်က ဇာဂနာဟာ နေအိမ်အကျယ်ချုပ်ပုံစံမျိုးနဲ့ အာဏာပိုင်တွေရဲ့စောင့်ကြည့်မှုခံနေရတဲ့အချိန်ပါ။ သူ့အကြောင်းရိုက်ဖို့ ကျနော်ကမ်းလှမ်းတာကို ဇာဂနာက လက်ခံပါတယ်။ ဒါနဲ့ပဲ ဒီဇာတ်လမ်းကိုရိုက်ဖြစ်ခဲ့တာပါ။"

ဇာဂနာဟာ ဟာသလူရွှင်တော်တယောက်သာမက ရုပ်ရှင်ထုတ်လုပ်ရိုက်ကူးသူ၊ ဒါရိုက်တာ စတဲ့ စွယ်စုံရအနုပညာရှင်တယောက်ဖြစ်တဲ့အပြင် လူမှုရေးတက်ကြွလှုပ်ရှားသူတဦးလည်းဖြစ်တယ်လို့ ဒါရိုက်တာ ဘလွမ်းစတိန်းက ပြောပါတယ်။

ဂျာမဏီနိုင်ငံက နာမည်ကြီးလူရွှင်တော်တယောက်က မြန်မာနိုင်ငံက နာမည်ကြီးလူရွှင်တော်တယောက်ကို စိတ်ဝင်တစားနဲ့ အခက်အခဲမျိုးစုံကြားကနေ တွေ့ဆုံဖို့ကြိုးစားခဲ့တဲ့အကြောင်းရိုက်ကူးထားတဲ့ဒီဇာတ်လမ်းမှာ လူရွှင်တော် ၂ ယောက်ရဲ့လှုပ်ရှားမှုတွေကို တင်ပြထားပေမဲ့ ရယ်မောစရာဇာတ်ကားတခုတော့မဟုတ်ခဲ့ပါဘူး။ သူ့အတွက်တော့ ဒီဇာတ်လမ်းဟာ တကယ့်ကိုကြေကွဲစရာ ဇာတ်လမ်းတပုဒ်ပါလို့ ကိုခွန်စိုင်းက ပြောပါတယ်။

"လူပြိန်းပေ့ါနော်၊ ကျနော်တို့သိတာက ဟာသပညာရှင်က လုပ်ရင် ရယ်စရာတွေဖြစ်မယ်ထင်တာ။ အဲဒီလိုရယ်စရာတွေမဟုတ်ဘဲနဲ့ အနုပညာရှင်အချင်းချင်းလေးစားမှု၊ နှလုံးသားချင်း ချိတ်ဆက်နေမှု၊ အဲဒါကို တောတော်နက်နက်ရှိုင်းရှိုင်း ဖော်ပြနိုင်တယ်လို့ထင်တယ်။ ကျနော် အဲဒီဟာသအနုပညာရှင်ကို တော်တော့်ကိုလေးစားသွားတယ်။

"ဘာကြောင့်လဲဆိုတော့ ကိုဇာဂနာ့အပေါ်မှာရှိတဲ့ သူ့ရဲ့လေးစားမှု၊ ချစ်ခင်မှုပေ့ါ၊ သူတို့ အနုပညာသည်အချင်းချင်းမှာရှိတဲ့ ရင်တွင်းခံစားချက်၊ အဲဒါကို ဖော်ပြနိုင်တယ်လို့ထင်တယ်။ ဒါကြောင့် ဒီဇာတ်ကားက ကျနော့်အတွက်တော့ တော်တော့်ကိုထိခိုက်ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းလို့ခံစားရတယ်။"

မြန်မာစစ်အစိုးရရဲ့ တင်းကျပ်တဲ့ထိန်းချုပ်မှုတွေအောက်မှာ သူ့ရဲ့ ဟာသအနုပညာပြက်လုံးတွေနဲ့ ပြည်သူတွေကိုအသိပညာပေးနေသူ လူရွှင်တော်ဇာဂနာရဲ့အကြောင်းကို ရိုက်ကူးထားတဲ့ မှတ်တမ်းရုပ်ရှင်ဟာ ပဲရစ်စ်မြို့မှာလုပ်တဲ့ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာလည်း Student Prize ဆိုတဲ့ဆုကို ရရှိခဲ့တဲ့ မှတ်တမ်းတင်ရုပ်ရှင်ခွေလည်းဖြစ်ပါတယ်။

# သတင်းပြန်ရှုမှတ်




**မတ် ၂၆ ၊ ReliefWeb ॥ ॥** မြန်မာလျှော်အတွက်ဝမ်းနည်းကြောင်း၊ ဘတ် ၃ သန်း ကူညီမည်ဟုထိုင်းမှဆို၏။

**မတ် ၂၆ ၊ AFP ॥ ॥**မြန်မာတွင် ငလျင်ကြောင့် သေကျေထိခိုက်မှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်ကို အမေရိကန်မှပို့၏။

**မတ် ၂၆ ၊ ND-AFP, Bernama ॥ ॥** မြန်မာ၏ရှမ်းပြည်ဖက်လျှော်ဒုက္ခသည်များအား ကူညီရန်အသင့်ဟု အာဆီယံ၊ အိန္ဒိယနှင့် အခြားနိုင်ငံများမှဆို၏။

**မတ် ၂၇ ၊ TAMU ॥ ॥** ထိုင်း၊ မြန်မာ၊ အိန္ဒိယ သမိုင်းဝင်ကုန်သွယ်ရေးဆွေးနွေးပွဲ တမူးတွင်ကျင်းပ၏။

**မတ် ၂၇ ၊ AFP ॥ ॥** တာလေမြို့ဒေသ ငလျင်ဘေးဒုက္ခသည်များသို့ ကယ်ဆယ်ရေးအဖွဲ့များမှကူညီရန် ရှာဖွေသွားရောက်နေကြောင်း။

**မတ် ၂၇ ၊ Rtrs ॥ ॥** အစိုးရသစ်မဖွဲ့မီ မှားယွင်းနားလည်မှုများဖြေရှင်းရန် ဆွေးနွေးရန် အဲန်အဲလ်ဒီမှ စစ်အစိုးရသို့ ထပ်မံကမ်းလှမ်းဖိတ်ခေါ်၏။

**မတ် ၂၈ ၊ Bernama ॥ ॥** မလေးရှားမှပြည်ပကုန်သွယ်မှုတိုးချဲ့ရေးကော်ပိုရေးရှင်း MATRADE သည် ၁၁ ဦးပါး ကုန်သွယ်ရေးအဖွဲ့သည် မြန်မာသို့ မတ်၂၈ မှ ၃၀ ထိသွားရောက်မည်။

**မတ် ၂၈ ၊ Irrwaddy ॥ ॥** နေပြည်တော်တွင် ဒုံးကျည်အရည်အသွေးမှီမြေအောက်ကတုတ်ကျင်းများ မနှစ်ကပြီးစီးခဲ့ပုံရကြောင်း ကယ်လီဖိုးနီးယားရှိ SanDiego တက္ကသိုလ်မှ ဒေါက်တာဦးဝင်းမှဆို၏။

**မတ် ၂၈ ၊ DVB ॥ ॥** ရှမ်းပြည်တွင် နောက်ဆက်တွဲငလျင်များဆက်လက်လှုပ်နေပြီး ခန့်မှန်းချက်များကြောင့် ဒေသခံများ အိမ်တွင်းသိပ်မနေရဲကြောင်း။

**မတ် ၂၈ ၊ DVB ॥ ॥** တိုင်းရင်းသားအဖွဲ့များနှင့်ပိုမိုနီးစပ် သာတူညီမျှပူးပေါင်းဆောင်ရွက်ရေးတင်ပြချက်ကို လွှတ်တော်မှအများစုမဲဖြင့် ငြင်းပယ်ခဲ့ကြောင်း။

**မတ် ၂၈ ၊ Christian Today ॥ ॥** သန့်ရှင်းသောက်သုံးရေနှင့် သုံးရေသည် ဖြ ဒသမ ၈ ရစ်ချတာဇယားရှိ မြန်မာငလျင်မှ ဒုက္ခသည်များအတွက် အလွန်အမြန်နှင့် အဓိကလိုအပ်နေကြောင်း World Vision မှဆို၏။

**မတ် ၂၈ ၊ RGN,AFP.DVB ॥ ॥** ရန်ကုန်တွင်အမေရိကန်သံမှူး Larry Dinger နှင့် NDF အပါအဝင်  မြန်မာဒီမိုကရေစီပါတီရှစ်ခုတို့သည် မြန်မာအပေါ် စိုင့်ရှင်ကိစ္စဆွေးနွေးခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည် မပါဝင်ခဲ့။ စိုင့်ရှင်များသည် ဆက်လက်တည်ရှိနေမည်ဟု Dinger မှဆို၏။

**မတ် ၂၉ ၊ BEIJING-Rtrs ॥ ॥** မြန်မာတွင် CNPC စသည့် တရုတ်မှဆောက်လုပ်နေသောပိုက်လိုင်းများသည် လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့် ညိစွန်းကြောင်း။

**မတ် ၂၉ ၊ DVB ॥ ॥**မြန်မာပါလီမန်သည် အာရှပါလီမန်အဖွဲ့တွင်ပါဝင်ရန် မြန်မာပါလီမန်မှ အများသဘောတူမဲဖြင့်အတည်ပြုခဲ့၏။

**မတ် ၂၉ ၊ The New Republic ॥** မြန်မာတွင်သဘာဝဘေးကပ်ကြုံလျှင် ဒုက္ခရောက်တိုင်းရင်းသားများအပေါ် စစ်အာဏာပိုင်များသည် အကူအညီမှအစ အခွင့်ကောင်းယူချုပ်ချယ်အကျပ်ကိုင်ခဲ့သဖြင့် ယခုငလျင်ဒုက္ခသည်များအားလည်း အလားတူ ပြုကျင့်နိုင်ကြောင်း Human Rights Watch မှဆို၏။

**မတ် ၂၉ ၊ Irrwaddy ॥ ॥** ငလျင်လွှန်ငါးရက်အကြာ တာလေစသည့်ငလျင်ဒဏ်ထိအဓိကနေရာများတွင် လူထောင်ပေါင်းများစွာ လူးလိမ့်ခံနေရပြီး ရေသန့်မရ၊ ဝမ်းရောဂါဖြစ်နေရာ ကာလဝမ်းရောဂါစိုးရိမ်ရ၏။

**မတ် ၂၉ ၊ Mizzima ॥ ॥** မြန်မာသို့ပို့ခဲ့သော ဂျာမန်အဆင့်မြင့်ကရိယာအချို့ လက်နက်ထုတ်လုပ်ရေးတွင် အသုံးဝင်ခဲ့ မဝင်ခဲ့ ဂျာမန်အနုမြူကျွမ်းကျင်သူမှ ပြောဆိုဝေဖန်မှု မပြုနိုင်ကြောင်း။

**မတ် ၂၉ ၊ ND-ANI ॥ ॥** ရှမ်းပြည်ငလျင်ဒုက္ခသည်များအားကူညီရန် အိန္ဒိယသည် ဒေါ်လာ တသန်းကူညီ၏။

**မတ် ၂၉ ၊ Asian Correspindent ॥ ॥** မြန်မာအပေါ် စိုင့်ရှင်များရုပ်သိမ်းရန် တောင်းဆိုအဖွဲ့များသည် ခိုင်လုံသောသက်သေများပြရန်လိုကြောင်း ဖေဖော်ဝါရီ ၈ တွင် NLD ၏ စာ ၄ မျက်နှာရှင်းလင်းချက်မှဆို၏။

**မတ် ၂၉ ၊ Australian Broadcasting Corp ॥ ॥** ဩစတေးလျပုံနှိပ်သူ မြန်မာတိုမ်းအယ်ဒီတာ Ross Dunkley သည် အာမခံဖြင့်လွှတ်လာပြီး စွဲချက်ငြင်းကာ ဧပြီ ၄ တွင်အမှုရင်ဆိုင်မည်။

**မတ် ၃၀ ၊ Manila Times ॥ ॥** ဦးသိန်းစိန် ဖြ၅နှစ် သည် ဗိုလ်ချုပ်သန်းရွှေခိုင်းစေမှုအတိုင်း လုပ်မည့် သူ့အပေါ်သစ္စာရှိသူဖြစ်ကြောင်း အောင်နိုင်ဦး အပါအဝင် မြန် မာ့အရေးသုံးသပ်သူများမှဆို၏။

**မတ် ၃၀ ၊ ERI ॥ ॥** တရုပ်နှင့်ကိုးရီးယား ကုမ္ပဏီကြီးများစွာသည် မြန်မာတွင် လူ့အခွင့်အရေးဖောက်ဖျက်မှုနှင့် ညိစွန်းမှုရှိကြောင်း။

**မတ် ၃၀ ၊ UN ॥ ॥** ကုလသမဂ္ဂ လူသားချင်းစာနာမှုရေးရာ ညှိနှိုင်းရေးရုံးအဖွဲ့ OCHA ထုတ်ပြန်ချက်အရ မြန်မာငလျင်ကြောင့် ခန့်မှန်းချက်မှာ အိမ် ၇၀၂ လုံးပျက်စီး၊ ၃၁၅၂ အိုးအိမ်မဲ့ (မြန်မာကြက်ခြေနီအရ)၊ ရွာ၉၀ခန့်မှ လူ ၁၈၀၀၀ ဦး မြေငလျင်သက်ရောက်မှုရှိခဲ့ကြောင်း။

**မတ် ၃၀ ၊ Irrwaddy ॥ ॥** နအဖ သည် ငလျင်ဒေသမှသတင်းများ ချုပ်ထိန်းမှုပြုနေကြောင်း။

**မတ် ၃၀ ၊ News Wires ॥ ॥** နအဖ စစ်အစိုးရသည် ယနေ့ မတ် ၃၀၊ ၂၀၁၁ တွင် အရည်ခြုံရုပ်သေအစိုးရသစ်သို့ အာဏာလွှဲပေးခဲ့၏။

**မတ် ၃၀ ၊ Mizzima ॥ ॥** မြန်မာတွင် စစ်အစိုးရလက်ထက်အတိုင်း ဘာမှမပြောင်းလဲကြောင်း လူထုနှင့်အဖွဲ့များမှမြင်ကြောင်း သန်းရွှေအကြောင်းစာအုပ်ထုတ်ခဲ့သူ Ben Rogers  မှမေးမြန်းခန်းတွင် ဖြေကြား၏။

**မတ် ၃၁ ၊ Irrawaddy ॥ ॥** မြန်မာများစောင့်ဆိုင်းနေသည့်စစ်အစိုးရမှ အရပ်သားအစိုးရသို့ကူးပြောင်းမှုသည် နအဖ အရ အကောင်အထည်ဖော်သော်လည်း လူ ထုသည် ပျော်ရွှင်လှုပ်ရှားမှုစိုးစင်းမှမဖြစ်သည်မှာ အဘယ်ကြောင့်နည်း၊ လူထုရွေးချယ်သည့် စင်စစ်အရပ်သားအစိုးရမဟုတ်သောကြောင့် ဖြစ်၏။

**ဧပြီ ၁ ၊ WTN AsiaOne ॥ ॥** အမေရိကန်သည် မြန်မာအပေါ် ပိတ်ဆို့မှု စိုင့်ရှင်များလျှော့ပေါ့ရန် တောင်းဆိုမှုများကို လစ်လျူရှုသင့်ကြောင်း၊ လွှတ်တော်အမတ် ၄ ဦးမှ စာရေးတောင်းဆို၏။

**စာမျက်နှာ ၁၂ သို့**

# ရွှေတြိဂံ ပြင်းအားကြီးငလျင်ကြောင့် သေဆုံးသူ ၂၀၀ အထိ တိုးလာနိုင်

**DVB । မတ်လ ၂၈ ॥** ॥ အခုလ ၂၄ ရက်ညက ရှမ်းပြည်အရှေ့ပိုင်းဒေသတွေမှာ လှုပ်ခတ်ခဲ့တဲ့ငလျင်ကြောင့် သေဆုံးသူ ၂၀၀ အထိ များပြားနိုင်ပြီး ငလျင်ဘေးဒုက္ခသည်တွေအတွက် အရေးပေါ်အကူအညီတွေ လိုအပ်နေပါတယ်။

ပြင်းအား ရစ်ချ်တာစကေး ၇ အဆင့်ရှိ ငလျင်ကြောင့် သေဆုံးသူ ၇၄ ဦး ရှိကြောင်း စစ်အစိုးရက ထုတ်ပြန်ထားပေမယ့် အမှန်တကယ်သေဆုံးသူအရေအတွက် သေဆုံးသူ ၂၀၀ လောက်ရှိမယ်လို့ ငလျင်လှုပ်တဲ့ဒေသမှာ ဧဝံဂေလိတရားလှည့်လည်ဟောနေတဲ့ ခရစ်ယာန်ဆရာတော်တပါးက ပြောပါတယ်။

“ကျကူညီရွာက အိမ်ခြေက ၁၄၅ အိမ်ရှိတယ်။ တရွာလုံးအိမ်တလုံး မှ နေလို့မရတော့ဘူး။ ဘုရားကျောင်းတက်နေတဲ့အချိန်မှာ သူတိုက ၅၀ ကျော် တက်တာ ဘုရားကျောင်းက ပြားသွားပြီးမှ ၂၂ ယောက် ချက်ချင်းသေသွားတယ်၊ ဒဏ်ရာရတာတော့ အားလုံးနီးပါးပါပဲ၊ လုံးဝမရတဲ့လူတွေ ကျတော့ စိတ်မမှန်တဲ့လူတွေလို ချောက်ချားကုန်တယ်၊ ကလေးတွေလည်း ကြောက်လွန်းလို့ သိပ်မမှန် တော့ဘူး။ မိုင်းလင်းနဲ့တာလေနဲ့ကတော့ ရစရာမရှိဘူး၊ အဆိုးဆုံးပဲသုံးရွာပေါင်းမှ သေတာက ၂၀၀ လောက်ရှိတယ်။ ကျနော်တို့ကိုယ်တိုင်အမျိုးတွေရှိတော့ သွားကြည့်ရတယ်။ ကျန်တဲ့နေရာတွေက ကျနော်တို့ စားသောက်နေတဲ့နေရာ၊ တရားဟောတဲ့နေရာပဲ၊ မနေ့ကလည်း ကလေး ၂ ယောက်က ရေသွားသောက်မိလို့ အဆိပ်ဖြစ်ပြီးတော့ အသည်းအသန် ဖြစ်နေတယ်။”

ငလျင်ကြောင့် တာလေမြို့နယ်ခွဲအပါဝင်၊ မိုင်းလင်းရွာနဲ့ ကျကူညီရွာမှာ ပျက်စီးဆုံးရှုံးမှုနဲ့ သေဆုံးမှု အများဆုံးပဲလို့လည်း အဲဒီဆရာက ပြောပါတယ်။ မနေ့ မတ်လ ၂၇ ရက်နေ့ကလည်း ရစ်ချတာစကေး ၄.၈ အဆင့်ရှိတဲ့ ငလျင်ထပ်ပြီးလှုပ်ခတ်တာကြောင့်မိုင်းလင်းရွာမှာအိမ်တွေထပ်မံပြိုကျပျက်စီးတာတွေရှိတယ်လို့ ဆင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။ ၂၄ ရက်နေ့ကစပြီး ဒီနေ့အထိ အားပြင်းငလျင်အပါအဝင် အားပျော့ငလျင်တွေ အကြိမ်ပေါင်း ၂၆ ကြိမ်လှုပ်ခတ်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ ငလျင်သင့်ပြည်သူတွေ လက်ရှိအရေးပေါ်အကူအညီတွေ လိုအပ်နေတာနဲ့ပတ်သက်လို့လည်း ခရစ်ယာန်ဆရာတော်က ပြောပါတယ်။

“အဲဒီကျကူညီရွာမှာဆိုရင် ရေတွေသောက်လို့မရတော့ဘူး၊ ရေအရမ်းလိုအပ်တယ်။ နေဖို့အိမ်မရှိဘူး။ အဲဒါနဲ့မိုးကာတွေနဲ့ တောထဲမှာ တဲဆောက်နေကြတယ်၊ အိုးခွက်ပန်းကန်တွေကလည်း အိမ်အောက်မှာ မြေထဲမှာ မြုပ်ကုန်တယ်။ တိရစ္ဆာန်တွေလည်း ဝက်တွေက ခြံအိမ်အောက်မှာထားတာ အကုန်လုံးပြားကုန်တယ်။ စပါးကျီတွေလည်း မိုးကရွာ၊ စပါးရစရာမရှိ၊ တနှစ်ပတ်လုံးစုထားတာတွေ အဲလိုမျိုးဖြစ်ကုန်တယ်။ စားသောက်ဖို့နဲ့ ဆေးဝါးနဲ့ရေကတော့လိုအပ်တာပေါ့။”

မြန်မာနိုင်ငံမှာရှိတဲ့ world vision အဖွဲ့ကလည်း တခြား အန်ဂျီအိုအဖွဲ့နဲ့ပူးပေါင်းပြီး ဒုက္ခသည်တွေအတွက် အကူအညီပေးနေတယ်လို့ အဲဒီအဖွဲ့ရဲ့ မြန်မာနိုင်ငံ ဒါရိုက်တာ christ herink က ပြောပါတယ်။

“ဒုက္ခသည်တွေ အဓိကလိုအပ်နေတာကတော့ ယာယီအမိုးအကာနဲ့ရေ လိုအပ်နေပါတယ်။ ကျနော်တို့အနေနဲ့ မိသားစု ၂၅၀၀ အတွက် တာပေါ်လင်တဲတွေ ထိုးပေးထားပြီး တပတ်အတွင်း လူအယောက် ၄ သောင်းအတွက် ရေသန့် ဆေးပြားပေးထားပြီး တနာရီကို ရေသန့် ၂၄၀ လီတာ ထုတ်လုပ်နိုင်တဲ့ ရေသန့်စင်စက် ၅ လုံး တပ်ပေးဖို့ စီစဉ်နေတယ်။”

“ကလေးတွေအတွက် ရည်ရွယ်ပြီး နေရာ ၆ ခုကို သတ်မှတ်ပေးထားပါတယ်။ အဲဒီနေရာဟာ လုံခြုံပြီး ပညာသင်ယူပေးတဲ့ နေရာဖြစ်သလို စိတ်ပိုင်းဆိုင်ရာ စိတ်ဒဏ်ရာရတဲ့ ကလေးတွေကို နှစ်သိမ့်ပေးထားတဲ့ နေရာဖြစ်ပါတယ်။ ငလျင်ကြောင့် ရေတွင်း၊ ရေကန်နဲ့ရေပိုက်တွေ ပျက်စီးသွားသလို ရေရှားပါးနေပြီးရနိုင်တဲ့ရေကလည်း ဆာလဖာ(ကန့်)ဓာတ်တွေ များနေတဲ့အတွက် သောက်သုံးဖို့ မသင့်ဘဲ စိုးရိမ်စရာကောင်းနေတယ်။”

# ရန်ကုန်မြို့မှာ စစ်အာဏာရှင်ဆန့်ကျင်ရေး စာရွက် နေရာတိုင်းမှာ ဖြန့်ဝေ

**RFA । မတ်လ ၂၈ ॥** ॥ ရန်ကုန်တိုင်း ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများအင်အားစုလို့ နံမယ်ပေးထားတဲ့အဖွဲ့ဝင်လူငယ်တွေဟာ မတ်လ ၂၄ ၊ ၂၅ ရက်နေ့တွေက ရန်ကုန်မြို့က မြို့လယ်ခေါင် လူစည်ကားတဲ့ နေရာတွေမှာ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုံ့ဆော်တဲ့စာရွက်စာတမ်းတွေကို ဖြန့်ဝေကြဲချခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဒီလှုပ်ရှားမှုရဲ့ရည်ရွယ်ချက်က တပ်မတော်သားတွေကို ပြည်သူလူထုနဲ့အတူပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်တာဖြစ်ကြောင်း လှုပ်ရှားမှုမှာပါဝင်တဲ့လူငယ်တဦးက အခုလို ပြောပြပါတယ်။

“လှုပ်ရှားမှုကိုလုပ်ခဲ့တဲ့ အဓိကရည်ရွယ်ချက်ကတော့ တော်လှန်ရေးနေ့မှာ တပ်မတော်သားတွေအနေနဲ့ ပြည်သူလူထုတွေနဲ့အတူပူးပေါင်းပြီးတော့ စစ်အာဏာရှင်စနစ်ကို ဝိုင်းဝန်းဆန့်ကျင်ပေးဖို့ပဲ ဖြစ်ပါတယ်။ အခု အရှေ့အလယ်ပိုင်းဒေသတွေဖြစ်နေတဲ့ ဒီမိုကရေစီတော်လှန်ရေးတွေမှာ အဲဒီ တိုင်းပြည်မှာရှိတဲ့ တပ်မတော်သားတွေက ပြည်သူလူထုတွေနဲ့ အတိုက်အခံအင်အားစုတွေနဲ့ ဒီမိုကရေစီအင်အားစုတွေနဲ့ပူးပေါင်းပြီးတော့ အာဏာရှင်စနစ်တွေကို ဆန့်ကျင်လှုပ်ရှားဆောင်ရွက်ခဲ့တာဟာ တနိုင်ငံပြီးတနိုင်ငံကူးစက်ပြီးတော့ အောင်မြင်မှုတွေရရှိနေတာကို ကျွန်တော်တို့တွေ့နေရပြီဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဗမာနိုင်ငံမှာလည်း ဒီ စစ်အာဏာရှင်စနစ်ကို အပြီးသတ်ချေမှုန်းသွားဖို့အတွက် ဆောင်ရွက်တဲ့နေရာမှာ တပ်မတော်သားတွေအနေနဲ့ အတိုက်အခံအင်အားစုတွေ၊ ပြည်သူလူထုတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးဖို့အတွက် တိုက်တွန်းချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်။”

အဲဒီလို ဖြန့်ဝေကြဲချတဲ့စာရွက်တွေမှာ ‘တပ်နဲ့ပြည်သူ လက်တွဲကူပြီး စစ်အာဏာရှင်ကိုဆန့်ကျင်စို့’ ဆိုတဲ့စာတမ်းပါ ကာလာစတစ်ကာတွေကပ်ထားတယ်လို့ဆိုပါတယ်။ အဲဒီလှုပ်ရှားမှုလုပ်သွားပုံကို အခုလိုဆက်ပြောပြပါတယ်။

“ရန်ကုန်မြို့လယ်ခေါင်မှာ လူစည်ကားတဲ့နေရာတွေ ဖြစ်တဲ့ဒီအနော်ရထာလမ်းတောက်လျှောက်နဲ့ လမ်း ၄၀ ထိပ်၊ ကုန်စျေးတန်းထိပ်၊ ဖရေဇာ၊ တောက်လျှောက်တွေမှာ စစ်အာဏာရှင် ဆန့်ကျင်ရေး စာရွက်စာတမ်းတွေကို ဖြန့်ဝေခဲ့တာပဲဖြစ်ပါတယ်။ တချို့အုပ်စုတွေက တိုက်တွေပေါ်ကနေပြီးတော့ ဒီစာရွက်တွေကို ကြဲချခဲ့တယ်၊ တချို့အုပ်စုတွေကနေ ဘတ်စ်ကားတွေပေါ်ကနေပြီးတော့ စာရွက်တွေကို ပလက်ဖောင်းတွေပေါ်မှာ ကြဲချခဲ့တယ်။”

အဲဒီလှုပ်ရှားမှုတွေကို မြန်မြန်သွက်သွက်လုပ်သွားပြီး ရှောင်တိမ်းခဲ့တဲ့အတွက် တစုံတရာ အနှောင့်အယှက် မရှိခဲ့ဘူးလို့ဆိုပါတယ်။ ဒီမိုကရေစီရေးတက်ကြွသူ ကျောင်းသား လူငယ်တွေအနေ နဲ့နောင်ကိုလည်း လှုပ်ရှားမှုအမျိုးမျိုး ဆက်လုပ်သွားကြမယ်လို့ ပြောပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ဆက်လက်ဒဏ်ခတ် ပိတ်ဆို့ပါ

အမေရိကန်အထက်လွှတ်တော်အမတ် ၄ ဦးက အမေရိကန်အစိုးရအနေနဲ့မြန်မာအစိုးရအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေကိုလျှော့ပေးရန်တောင်းဆိုမှုတွေကိုပယ်ချသင့်တယ်လို့ စာရေးသားတောင်းဆိုလိုက်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ထံရေးတဲ့စာမှာ လွှတ်တော်အမတ်တွေက မြန်မာအစိုးရရဲ့လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတာတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှု စတာတွေဟာ ဒဏ်ခတ်ပိတ်ဆို့မှုတွေကိုဖယ်ရှားဖို့လိုအပ်တဲ့အချက်တွေနဲ့ ကိုက်ညီတာမျိုး မရှိဘူးလို့ ဆိုထားပါတယ်။ (AFP, 1.4.2011)

## စီးပွားရေးထိပ်သီးဆွေးနွေးပွဲ

အီးယူအာဆီယံ စီးပွားရေးထိပ်သီးဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံမှာ မေလ ၅ ရက်မှာကျင်းပဖို့စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံမှာ တိုးတက်မှုတစုံတရာရှိနေတာမို့ အဲဒါကိုကြိုဆိုတဲ့အကြောင်း အီးယူကဆိုပါတယ်။ မြန်မာပါဝင်တဲ့ အာဆီယံနဲ့အီးယူ စီးပွားရေးလုပ်ငန်းရှင်တွေ ဒီဆွေးနွေးပွဲမှာတွေ့ဆုံနိုင်လိမ့်မယ်လို့မျှော်လင့်တဲ့အကြောင်း အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကပြောပါတယ်။ အီးယူဟာ မြန်မာနိုင်ငံနဲ့စီးပွားရေးတိုးချဲ့ဆက်ဆံချင်တဲ့သဘောရှိပါတယ်။ (JAKATAR POST, 1.4.2011)

## ဂျပန်ရဲ့မျှော်လင့်ချက်

မြန်မာနိုင်ငံမှာ ဦးသိန်းစိန်ဦးဆောင်ပြီး အစိုးရအဖွဲ့သစ်ပေါ်လာတော့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဂျပန်ရဲ့မျှော်လင့်ချက်တွေကိုပေးပို့လိုက်ပါတယ်။ မြန်မာနိုင်ငံသားတွေကြားထဲမှာ ပြန်လည်သင့်မြတ်ရေးကိုလုပ်ဆောင်နိုင်ပြီး လွှတ်တော်တွင်းဆွေးနွေးမှုတွေနဲ့ ပိုမိုပွင့်လင်းတဲ့ဒီမိုကရေစီနိုင်ငံကိုထူထောင်နိုင်စေဖို့၊ ဂျပန်နဲ့ရောနိုင်ငံတကာအသိုင်းအဝိုင်းနဲ့ပါ ဆက်ဆံရေးကောင်းမွန်အောင်လုပ်နိုင်စေဖို့ဆိုတာတွေဖြစ်ပါတယ်။ (JAPAN TODAY, 1.4.2011)

## အတိုက်အခံမျှော်လင့်ချက်

မြန်မာနိုင်ငံမှာ စစ်အုပ်စုကနေပူပူနွေးနွေးအရပ်သားဖြစ်သွားတဲ့ စစ်သားတွေအုပ်ချုပ်တဲ့အစိုးရသစ်ပေါ်လာတော့ NLD ကတွေ့ဆုံဆွေးနွေးရေးဖို့လေသံပစ်ထားပြီး နိုင်ငံရေးအကျဉ်းသားတွေလည်း ပြန်လွှတ်ပေးလိမ့်မယ်လို့လည်းမျှော်လင့်ထားပါတယ်။ အကျဉ်းသားတွေနဲ့ ပတ်သက်ပြီး သမတသစ်သိန်းစိန်က ဘာမှပြောမသွားပေမဲ့အရင်က အဖြစ်အပျက်တွေကြောင့် ပြန်လွှတ်လာမလားဆိုတဲ့မျှော်လင့်ချက်ထားရှိနေကြတာပါ။(MIZZIMA, 31.3.2011)

## တရုတ်က ကာကွယ်ပေးမလေ

မြန်မာနိုင်ငံမှာ စစ်ယူနီဖောင်းချွတ်တွေက ခေါင်းပေါင်းစွပ်ပြီး အစိုးရအဖွဲ့အဖြစ်ကျမ်းကျိမ်ပြီးတဲ့နောက် တရုတ်အစိုးရက အစိုးရသစ်ဟာ ဒီမိုကရေစီကိုဖော်ဆောင်မယ့်အစိုးရဆိုပြီးချီးကျူးလိုက်ပါတယ်။ နောက်ပြီးမြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို တခြားနိုင်ငံတွေအနေနဲ့ဝင်ရောက်စွက်ဖက်တာမျိုးတွေမလုပ်ပါနဲ့ဆိုပြီး သတိပေးလိုက်ပါတယ်။မြန်မာအစိုးရဟာ ဒီမိုကရေစီနည်းကျကျရွေးကောက်ခံထားရတာ ကြောင့် နိုင်ငံတကာအနေနဲ့ လေးစားသင့်ကြောင်းကိုလည်း ပြောသွားပါသေးတယ်။ (VOA, 31.3.2011)

## ကျောက်မြတ်လေလံ ဝင်ငွေစံချိန်သစ်

မတ်လ ၁၁ ရက်နဲ့ ၁၂ ရက်နေ့တွေမှာ အာဏာရှင်တွေရဲ့ကြပ်ပြေးနေပြည်တော်မှာ ကျောက်မျက်ရတနာလေလံတင်ပွဲပြုလုပ်ခဲ့ရာမှာ အရောင်းဝင်ငွေစံချိန်တင်ခဲ့တယ်လို့သိရပါတယ်။ ဒေါ်လာ ၂.၈ ဘီလီယံရခဲ့တယ်လို့ဆိုပါတယ်။ အမေရိကန်က မြန်မာကျောက် မျက်တွေကိုဝယ်ယူတင်သွင်းတာမျိုးမလုပ်ရဥပဒေပြဌာန်းခဲ့ပေမဲ့ ဝယ်သူအများစုဟာတရုတ်နဲ့ထိုင်းတို့ကဖြစ်တဲ့အတွက် အဲဒီဒဏ်ခတ်ပိတ်ဆို့မှုဟာ ထိခိုက်မှုမရှိဘူးလို့ ပြည်တွင်းကျောက်မျက်ကုန်သည်တဦးကပြောပါတယ်။ ဒီအတောအတွင်းအမေရိကန်ရဲ့ဒဏ်ခတ်ပိတ်ဆို့မ ဟာမြန်မာနိုင်ငံစီးပွားလူမှုတိုးတက်ရေးကိုထိခိုက်လို့ဖယ်ရှားဖို့ပြောသံတွေ ကျယ်လောင်နေပါတယ်။ (NATIONAL JEWELER, VOB, 31.3.2011)

## ဒန်ကလေရှင်းချက်

လူဝင်မှုကြီးကြပ်ရေးဥပဒေချိုးဖောက်မှု အမျိုးသမီးတဦးကို ခြိမ်းခြောက်အနိုင်ကျင့်မှုတွေနဲ့ စွဲချက်အတင်ခံထားရတဲ့ မြန်မာတိုင်း မ်စ် ထူထောင်သူ ရော့စ်ဒန်ကလေကို မြန်မာအာဏာရှင်တွေက အာမခံပေးလိုက်ပါတယ်။ ဒန်ကလေက သူအပေါ်စွဲချက်တင်မှုတွေဟာ သူ့ကိုနာမည်ပျက်အောင်လုပ်တာဖြစ်တယ်။ သူဟာ စွဲချက်တွေကိုကျူးလွန်တာမျိုးမရှိဘူးလို့ဆိုလိုက်ပါတယ်။ မြန်မာအာဏာရှင်တွေက ဒန်ကလေကို မြန်မာပြည်ကနင်ထုတ်ပြီး သူရဲ့ပိုင်ဆိုင်မှုတွေကို သိမ်းယူချင်လို့အကွက်ဆင်တာဖြစ်နိုင်ပါတယ်။ (ABC, VOB, 2229.3.2011)

## နိုင်ငံပိုင်အဆောက်အဦလေလံ

မြန်မာနိုင်ငံမှာ နိုင်ငံပိုင်တဲ့အဆောက်ဦးတွေကို လေလံပစ်တာတွေလုပ်နေပါတယ်။ အဲဒီလေလံတွေမှာ ငွေတန်ဖိုးအမြောက်အမြားပေးပြီးဝင်ဆွဲတဲ့သူတွေဟာ မြန်မာအာဏာရှင်တွေ ထိပ်တန်းဗိုလ်ချုပ်တွေနဲ့ရင်းနှီးကျွမ်းတဲ့သူတွေသာဖြစ်ပြီး သူတို့တတွေပဲ လေလံအောင်ကြပါတယ်။ မကြာသေးခင်က စမ်းချောင်းပဒုမ္မာကဇာတ်ရုံနဲ့မြေနေရာကို ကျပ် ၅၆.၇၇၇ ကုဋေနဲ့လေလံပစ်ခဲ့ပါတယ်။ ဝယ်သွားတဲ့သူ က စစ်အုပ်စုနဲ့နီးစပ်တဲ့ စက်ာပူအခြေစိုက် မြန်မာစီးပွားရေးလုပ် ငန်းရှင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူအနည်းငယ်လက်ထဲမှာပဲ စီးပွားရေးလုပ်ပိုင်ခွင့်နဲ့ ရင်းနှီးမြှုပ်နှံမှုရှိတာကြောင့် လုပ်ငန်းလုည့်ပတ်ငွေ သွက်လက်မှုမရှိပဲစီးပွားရေးထိုင်းမှိုင်းလာနေပါတယ်။(VOB, 1.4.2011)

## ရောဝတီမြစ်ဆုံမှာ ရေအားလျှပ်စစ်စက်ရုံ ဆောက်ဖို့ မြစ်ဆုံအနားကျေးရွာတွေ ပြောင်းရွှေ့ပေးနေရ

**RFA I မတ်လ ၂၉ ။** ။ ရောဝတီမြစ်ဆုံနဲ့ အထက်ဖက် မေခ၊ မေလိခ မြစ်ဝှမ်းမှာ ရေအားလျှပ်စစ်စီမံကိန်း ၈ ခုကို ဆက်တိုက်ဆောက်လုပ်မှာ ဖြစ်တဲ့အတွက် မြစ်ဆုံအနားတဝိုက်ကကျေးရွာတွေသာမက ရောဝတီမြစ်ဆုံအထက်ဖက် ရေဝပ်ဒေသကကျေးရွာတွေကိုပါ မြန်မာစစ်အာဏာပိုင်တွေက ဆက်လက်ပြောင်းရွှေ့ဖို့ စီစဉ်နေပြီလို့ သိရပါတယ်။

စစ်အစိုးရဟာ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ချီဖွေ၊ ချီဖွေငယ်၊ ဝူဆောက်၊ ခေါင်လန်ဖူး။ ယီနန်၊ ဖီဇော၊ လိုင်ဇာ စတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကို ၂၀၁၉ ခုနှစ်အပြီး ဆက်တိုက် တည်ဆောက်သွားမှာဖြစ်တဲ့အတွက် မြစ်ဆုံအထက်ဖက်က ကျေးရွာတွေပါ ဆက်လက်ပြောင်းရွှေ့ရမယ်လို့ နေပြည်တော်မှာကျင်းပနေတဲ့ လွှတ်တော်အစည်းအဝေးမှာလည်း အမှတ် ၂ လျှပ်စစ်စွမ်းအားဝန်ကြီး ဦးဇော်မင်းကပြောပါတယ်။

မြန်မာစစ်အစိုးရနဲ့တရုတ်အစိုးရနဲ့ပူးပေါင်းလုပ်ကိုင်နေတဲ့ အဲဒီ ရေအားလျှပ်စစ်စီမံကိန်းကြောင့် မှီခိုနေထိုင်သူတွေသာမက ရောဝတီမြစ်ရဲ့နေရာတော်တော်များများဟာ သဘာဝဝန်းကျင်ပျက်စီးမှုတွေ ရှိနေပြီလို့ အဲဒီဒေသကို မကြာသေးခင်ကသွားရောက်ခဲ့တဲ့ သဘာဝဝန်းကျင်ထိန်းသိမ်းရေးသမားတဦးက ပြောပါတယ်။

"ဟိုဖက်မှာတော့စဆောက်နေပြီပေါ့ဗျာ။ စဆောက်နေတော့ ရေကို သူတို့သိုလှောင်တဲ့အဆင့်မရောက်သေးဘူး။ အကယ်၍များ ရေသိုလှောင်တဲ့အဆင့်ရောက်ပြီဆိုရင် ဒီ့ထက်ပိုပြီးစိုးရိမ်ဖွယ်ရာဖြစ်လာတဲ့ဟာရှိတာပေါ့ဗျာ။ ရေမြောင်းစီးဆင်းမှုအနေနဲ့ မူလအနေအထားထက် အနည်းငယ်တော့အပြောင်းအလဲဖြစ်တယ်။ အပြောင်းအလဲဖြစ်တဲ့အခါမှာ ခုန နှုံးပို့ချမှုနဲ့ သောင်ထွန်းမှုက အရင်ကထက်ပိုလာနိုင်တယ်။ အဲဒီ ပြဿနာလည်းဖြစ်တယ်။"

လက်ရှိလောလောဆယ်မှာ မြစ်ဆုံစီမံကိန်းနဲ့မလွှတ်ကင်းတဲ့ မြစ်ဆုံတဝိုက်က တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံ၊ အောင်ဂျာယန်၊ ဒေါင်ပန်ရွာတွေက စုစုပေါင်းအိမ်ထောင်စု ၄၁၀ က လူဦးရေ နှစ်ထောင်ကျော်ကို အာဏာပိုင်တွေက နေရာပြောင်းရွှေ့ထားပြီးပြီ ဖြစ်ပါတယ်။

## အစိုးရသစ် ပေါ်ပေါက်လာတော့မယ့်လက္ခဏာ တွေ့ရ

**BBC I မတ်လ ၂၉ ။** ။ လွှတ်တော်တွင်းမှာမြင်တွေ့နေရတဲ့အနေအထားနဲ့ ပြင်ဆင်မှုတွေအရ မကြာခင်မှာ အစိုးရသစ်ပေါ်ပေါက်လာတော့မယ့်လက္ခဏာတွေ တွေ့မြင်နေရပါတယ်။

ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူး ဟသ်ာတမြို့နယ်အမတ် ဦးဌေးဦးက လွှတ်တော်မှာ လက်ရှိ နိုင်တော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီအစိုးရကို ကျေးဇူးတင်နှုတ်ဆက်စကားပြောပြီး အစိုးရသစ်ကို ကြိုဆိုခဲ့ပါတယ်။

ဒ့ါအပြင် အင်္ဂါနေ့က ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ပြည်သူ့လွှတ်တော်အမတ် ၄ ယောက်နှုတ်ထွက်သွားပြီး ဗုဒ္ဓဟူးနေ့အတွက်လည်း လွှတ်တော်အမတ်တွေ ဆွေးနွေးစရာအစီအစဉ်မရှိဘူးလို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက အမတ် ဦးဖုန်းမြင့်အောင်ကပြောပါတယ်။ နှုတ်ထွက်သွားခဲ့ကြသူတွေကတော့ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ဌေးနဲ့ဦးခင်မောင်အေးတို့ ဖြစ်ကြတယ်လို့လည်း သူကပြောပါတယ်။

ဗုဒ္ဓဟူးနေ့ကစပြီး ရပ်ကွက် ကျေးရွာ မြို့နယ်နဲ့ခရိုင် စတဲ့ ဒေသဆိုင်ရာ အေးချမ်းသာယာရေးရုံးတွေမှာ ဆိုင်းဘုတ်တွေဖြုတ်ပြီး အုပ်ချုပ်ရေးရုံးအဖြစ် ဆိုင်းဘုတ်တင်ပွဲတွေ ပြုလုပ်ဖို့ပြင်ဆင်နေတယ်လို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင်တယောက်က ဘီဘီစီကိုပြောပါတယ်။ ပဲ ခူးတိုင်းဒေသကြီးကဆိုင်းဘုတ်ကိုတော့ တနင်္လာနေ့ကတည်းက ဖြုတ်ချခဲ့ပြီလို့ သူကဘဲဆက်ပြောပါတယ်။

အဲဒီလိုမြင်တွေ့နေရတဲ့အနေအထားကိုကြည့်ပြီး ဗုဒ္ဓဟူးနေ့မှာ အစိုးရသစ်အပြောင်းအလဲအတွက် သမတဦးသိန်းစိန်က ကျမ်းသစ္စာကျိန်ဆိုပွဲလုပ်နိုင်တယ်လို့ လွှတ်တော်အမတ်တွေက ကောက်ချက်ချကြတာဖြစ်ပါတယ်။ လွှတ်တော်တွင်းကအမတ်တချို့ကတော့အစိုးရသစ်ပြောင်းသွားလည်း အဖွဲ့ဟောင်းထဲကလူတွေကို အစိုးရ အဖွဲ့ နာမည်သစ်နဲ့ တပ်ပေးလိုက်တာသာဖြစ်ပြီး ထူးထူးခြားခြားပြောင်းလဲလာမယ်လို့ မျှော်လင့်မထားကြတာတွေ့ရပါတယ်။

အစိုးရသစ်တက်လာတဲ့အခါ လက်ရှိ နိုင်တော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီ ဘာဖြစ်သွားမယ်ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။

---

**ပြကွဒိန်မှ**

**ဧပြီ ၁ I Ma An Hkan, Burma ။** ။ လူ ၇၀ ကျော်သေဆုံးခဲ့ရသော မတ် ၂၄ မြန်မာမြေလျင်ကြောင့် အိုးအိမ်မဲ့သူ ၃၀၀၀ ကျော်ရှိပြီး အစားအသာ သို့မဟုတ် အိုးအိမ်အဝတ်အထည် ပြန်လည်ထူထောင်ရေးအကူအညီများအမြန်လိုနေသေးကြောင်း၊ တာလေမြို့တွင် အိမ်ခြေ ၇၀၀ ခန့်ပြိုပျက်ခဲ့ကြောင်း။

**ဧပြီ ၁ I Philippine Star ။** ။ ထိုင်းနှင့်ဖိလစ်ပိုင်တို့သည် မြန်မာလျင်ဒုက္ခသည်များသို့ ငွေကြေးကူခဲ့၏။

**ဧပြီ ၁ I Asian Correspondent ။** ။ မြန်မာသမတသစ်သည် သန့်ရှင်းသောအစိုးရကို တည်ထောင်နိုင်မည်လောဟု ဇင်လင်းမှသတင်းဝေဖန်၏။

**ဧပြီ ၁ I Radio Australia ။** ။ မြန်မာအပေါ် ပိတ်ဆို့မှုစိုင့်ရှင်များရှိခြင်းသည် မြန်မာတွင် အေအိုင်ဒီအက်စ်ကာကွယ်ရေးကို မှေးမိန်စေသည်ဟု ရောဂါကုသရေးအဖွဲ့အချို့မှဆို၏။

**ဧပြီ ၁ I Asia Sentinel ။** ။ မြန်မာဝန်ကြီးအဖွဲ့ဝင် ၅၂ ဦးတွင် စစ်တပ်မှမဟုတ်သည့် ၄ ဦးသာရှိကြောင်း။

**ဧပြီ ၁ I Jakarta Post ။** ။ ဥရောပသမဂ္ဂသည် မေ ၅ တွင်စမည့် အာဆီယံ–အီးယူ စီးပွားရေးလုပ်ငန်းဆိုင်ရာညီလာခံတွင် မြန်မာမှစီးပွားရေးသမားများကိုလည်း လာရန် မျှော်လင့်ကြောင်း။

**ဧပြီ ၁ I TV3 News ။** ။ နအဖ သည် မတ် ၂၇ တော်လှန်ရေးနေ့ကို ခါတိုင်းနှစ်လို ထယ်ဝါစွာမကျင်းပခဲ့။

**ဧပြီ ၁ I Manila Times ။** ။ မြန်မာ၏ပြည်ထောင်စုအစိုးရသစ်သည် အမည်အားဖြင့် အရပ်သားအစိုးရဖြစ်သော်လည်း နအဖ နှင့် သိပ်ခြားဟန်မမြင်ရကြောင်း။ တပ်မတော်သည် မြန်မာနိုင်ငံရေးတွင် ဆက်လက်ဦးဆောင်နေသည်ကို မိမိလုံးဝသဘောမတွေ့ကြောင်း အဲန်အဲလ်ဒီ ဦးဝင်းတင်မှဆို၏။

**မတ် ၃၁ I Mizzima, Irrawaddy ။** ။ မတ် ၃၀ တွင် ကြမ်းကျိန်အစိုးရသစ်ဖြစ်လာသော စစ်ဝတ်စုံတဖြစ်လဲအစိုးရသည်လူထု၏မေတ္တာကို မခံယူကြောင်း။

**ဧပြီ ၁ I Irrawaddy ။** ။ မြန်မာသို့ ထိုင်းနယ်စပ်မှခိုးဝင်ခဲ့သော ကနေဒါလူမျိုး Ron Zakreski ဖ၂ အား လူဝင်မှုဥပဒေဖောက်ဖျက်မှုဖြင့် အမှုဖွင့်မည်ဖြစ်ကြောင်း။

**ဧပြီ ၁ I Irrawaddy ။** ။ မြန်မာသည် မတ်၂၃ တွင် မိုးလေဝသဝက်ဘ်စိုက်သစ် www.Moezala.gov.mm စတင်ခဲ့၏။

**ဧပြီ ၂ I Chinland ။** နေပြည်တော်စစ်အစိုးရ၏အာဘော်သစ် မြဝတီသတင်းစာ စတင်ထုတ်ဝေ၏။

# တက်လာသည့် အစိုးရသစ်ကို အရှိအတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လက်ခံ

**VOA | မတ်လ ၃၀ ။** ။ အခုလက်ရှိ အစိုးရသစ် ဖွဲ့စည်းလိုက်တဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားပါတီတွေ အပါအဝင် ရွေးကောက်ပွဲ ဝင်ခဲ့တဲ့ နိုင်ငံရေးပါတီတွေနဲ့ ပြည်တွင်းက တခြားနိုင်ငံရေး အင်အားစုတွေ ဘယ်လိုတုံ့ပြန် ပြောဆိုကြသလဲဆိုတာ နော်ရှီးကတင်ပြပေးထားပါတယ်။

၂၀၁၀ ရွေးကောက်ပွဲကို အစကတည်းကနေ တောက်လျှောက် သပိတ်မှောက်လာတဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အခုဒီရွေးကောက်ပွဲကနေပဲ ပေါ်ပေါက်လာတဲ့၊ ဒီနေ့ကြေညာတဲ့ အစိုးရသစ်ပေါ်မှာ ဘယ်လိုသဘောထားလဲဆိုတာသိရအောင် မေးကြည့်တော့ ဦးဉာဏ်ဝင်းက အခုလိုပဲ တိုတိုတုတ်တုတ်ဖြေကြားခဲ့ပါတယ်။

"အခုလက်ရှိ ပြည်သူ့လွှတ်တော်က အစိုးရအဖွဲ့သစ်တရပ် ဖွဲ့စည်းပြီးသွားပြီဆိုတဲ့ အခြေအနေကို အရှိအတိုင်း ကျနော်တို့လက်ခံပါတယ်။ အရှိအတိုင်း အသိအမှတ် ပြုပါတယ်။ အဲတော့ NLD အနေနဲ့ကတော့ အစိုးရအဖွဲ့သစ်နဲ့တွေ့ဆုံ ဆွေးနွေးနိုင်ဖို့ မျှော်လင့်ထားပါတယ်။ လောလောဆယ် ကျနော်တို့ရဲ့ သဘောထား ဒီ ၂ ခုပါပဲ။"

CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီက ဦးအေးသာအောင်ကတော့ ပြည်သူတွေလိုချင်တဲ့ အပြောင်းအလဲအတိုင်း ပြောင်းလဲလာတဲ့ အရပ်သားအစိုးရ မဟုတ်တဲ့ အတွက်ကြောင့် ဒီအစိုးရအဖွဲ့ဟာ ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် အမှန်တကယ် ဆောင်ရွက်နိုင်စွမ်း ရှိမရှိ အပေါ်မှာတော့ သံသယရှိတယ်လို့ပြောကြားခဲ့ပါတယ်။

"အစိုးရသစ်ဆိုပေမဲ့လည်း ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲကနေအစိုးရသစ်၊ အဲတော့ ဒီလိုဖြစ်လာမယ်ဆိုတာတော့ ကျနော်တို့လည်း တွက်ပြီးသားပါ။ ဒါပေမဲ့ ကျနော်တို့ ဖြစ်စေချင်တဲ့၊ ပြည်သူတွေက ဖြစ်စေချင်တဲ့ အပြောင်းအလဲပေါ်မှာအခြေခံပြီး ဖြစ်လာတဲ့ အစိုးရမျိုးတော့မဟုတ်ဘူးပေ့ါ။

"ဒီနေ့ တိုင်းပြည်မှာ လိုအပ်နေတဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ ဒီနေ့ဖြစ်နေတဲ့ ပြည်တွင်းစစ်၊ တိုင်းရင်းသားများနဲ့ဖြစ်နေတဲ့ လက်နက်ကိုင်တိုက်ပွဲအပါအဝင် အားလုံးငြိမ်းငြိမ်းချမ်းချမ်းနဲ့ အပြောင်းအလဲတခုကို ဖြစ်ဖို့အတွက် ဆောင်ရွက်နိုင်မယ့် အစိုးရသစ်လို့တော့ ကျနော်တို့က မဆုံးဖြတ်ဘူးခင်ဗျ။"

"အခု ကျနော်တို့ ပြည်သူတွေကြားကို ရောက်တဲ့အခါမှာ၊ အထူးသဖြင့် ရခိုင်ပြည်နယ်က ကျနော် မနေ့ညနေကမှ ရောက်ပါတယ်၊ပြည်သူတွေကြားမှာ၊ ရွာတွေမှာ ကျနော်ရောက်တဲ့အခါကြတော့ တကယ့်အားကိုးတကြီးနဲ့ သူတို့ရဲ့အခက်အခဲတွေ၊ သူတို့ရဲ့အကျပ်အတည်းတွေကို တင်ပြနေတာက ကျနော်တို့ကိုပဲတင်ပြနေ တာဖြစ်နေတယ်။ အဲတော့ တကယ်ဆိုရင် ပြည်သူတွေက အစိုးရသစ်နဲ့တကွ ကိုယ်စားလှယ်တွေကို အားကိုးတယ်ဆိုရင် သူတို့ကိုတင်ပြရမှာပေ့ါ။ ဒီတော့ ပြည် သူတွေရဲ့ အမြင်မှာက တမျိုးဖြစ်နေတယ်။ ဒါကြောင့်မို့ ပြည်သူ့အကျိုးအတွက် ကျနော်တို့ကတော့ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။"

တဆက်တည်းမှာပဲ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တိုင်းရင်းသားပါတီတွေထဲမှာ မဲအများဆုံး ရခဲ့တဲ့ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) က ဦးစိုင်းစောင်စီကတော့ အခုထွက်ပေါ်လာတဲ့ အစိုးရသစ်နဲ့အတူ ပြည်သူလူထုအကျိုးစီးပွားအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်သွားဖို့ မျှော်မှန်းတယ်လို့ ပြောခဲ့ပါတယ်။

"အစိုးရသစ်မှာ ကျနော်တို့ ကျရာ အခန်းကဏ္ဍကနေ လူထုအတွက် ကောင်းအောင်လုပ်ရမှာပေ့ါ။ လမ်းကြောင်းလည်း ရှာရမှာပါ။ ဒီနေ့မှပဲ ဇာတ်လမ်းကစမှာကိုး။ အဲဒီတော့ အစိုးရအသစ်ကလည်ပတ်သွားပြီးတော့ အရှိန်လေး ရလာတဲ့အချိန်မှာ ကျနော်တို့ပြည်သူလူထုအတွက် ဘာလုပ်ပေးနိုင်မလဲ၊ အစိုးရသစ်ကလည်း ပြည်သူလူထုကို ဘာတွေ စွမ်းဆောင်ပေးနိုင်မယ်ဆိုတာ အဲဒီတော့မှ အဖြေပေါ်မှာပေ့ါ။ အဲဒီအချိန်ကျရင်တော့ ပိုပြီး ပီပီပြင်ပြင်ဝေဖန်လာနိုင်မှာပေ့ါ။ ဒီအစိုးရ အသစ်ထဲ ကျနော်တို့ကလည်း ပါဝင်နေပြီဆိုတော့ မလွဲမသွေ ဒီလမ်းကို လူထုအတွက် အကျိုးရှိအောင်ကြိုးစားရ၊ ဖြတ်သန်းရတော့မှာပါ။"

တဆက်တည်း ရွေးကောက်ပွဲဝင်ခဲ့တဲ့နောက် တိုင်းရင်းသားပါတီတခုဖြစ်တဲ့ ကရင်ပြည်သူ့ပါတီက ဦးစောစေးဝါးကတော့ တိုင်းရင်းသားပြည်သူအများရဲ့ လတ်တလော လိုအပ်ချက်တွေနဲ့ ရေရှည်လိုအပ်ချက်တွေအတွက် လုပ်ဆောင်နိုင်ဖို့ လမ်းကြောင်းတရပ်တော့ ပေါ်လာပြီလို့ အခုလို ကောက်ချက်ပေးပါတယ်။

"အစိုးရတခု ပီပီပြင်ပြင်ဖြစ်လာတဲ့အတွက် ဝမ်းသာတယ်။ တို့ မူလရည်မှန်းချက်တွေ ရှိတယ်လေ။ အမျိုးသားရေးကိုပဲ ပထမဆုံး စကိုင်တွယ်ရမှာပေ့ါ။ အမျိုးသားရေးဆိုတာ ကရင်ချည်းပဲ မဟုတ်ပါဘူး။တိုင်းရင်းသား အရေးတွေကိုလည်း တဖြည်းဖြည်းလုပ်သွားရမယ်။ အားလုံးသူ့ဟာသူ တည်တည်ငြိမ်ငြိမ်ဖြစ်သွားအောင် ခဏစောင့်လိုက်တဲ့ သဘော။ အခက်အခဲတွေ၊ ပြဿနာတွေ တဖြည်းဖြည်း တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ နားဝင်အောင် ရှင်းပြသွားရမယ့်သဘော ရှိပါတယ်။

"ဥပဒေမူကြမ်းတွေကိစ္စနဲ့ ပတ်သက်ရင်တော့ ၂ ခုရှိတာပေ့ါ၊ ဥပဒေမူကြမ်း တင်မယ့်ကိစ္စ ရှိမယ်၊ နောက်တခုက တို့ရဲ့ အမျိုးသားရေးလိုလားချက်တွေပေ့ါ၊ ပထမဆုံးလိုလားချက်တွေကို ပထမ ကိုင်တွယ်ရမယ့်သဘော ရှိတယ်။ စားဝတ်နေရေးတွေ၊ စာပေရေးတွေ၊ ယဉ်ကျေးမှုရေးတွေ စသဖြင့်ပေ့ါ၊ ပြီးမှ ဥပဒေနဲ့ ပတ်သက်တာ ဆက်ကိုင်တွယ်မယ်။ အဲဒီကိစ္စကျတော့ တယောက်ချင်း၊ တဖွဲ့ချင်းမဟုတ်ဘဲ အများနဲ့စုပေါင်းပြီး တိုင်ပင်လုပ်ရမယ့်သဘော ရှိတယ်။"

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ NLD က ခွဲထွက်သွားတဲ့ အမျိုးသားဒီမိုကရေစီ အင်အားစု (NDF) ပါတီက ဦးခင်မောင်ဆွေက ဒီအစိုးရသစ်ဟာ ပြည်သူတွေရဲ့အကျိုးစီးပွားကို အမှန်တကယ် ဆောင်ရွက်နိုင်မယ်ဆိုတာကို အားထားနိုင်ဖို့ကတော့ မဖြစ်နိုင်သေးဘူးလို့ တုံ့ပြန်ပါတယ်။

"NDF ကတော့ဗျာ ဒါကတော့ စစ်အုပ်ချုပ်ရေးကို ကျနော်တို့ကိုယ်တိုင်လည်းမလိုချင်ဘူး၊ ပြည်သူတွေလည်း မလိုချင်ဘူးဆိုတော့ စစ်အုပ်ချုပ်ရေးကို ပြောင်းလဲသွားအောင် ရွေးကောက်ပွဲနဲ့ ဝင်ရောက်ပြီးဆောင်ရွက်ခဲ့ကြတဲ့ မှတ်တိုင်တခုကတော့ဖြင့် အောင်မြင်သွားပြီပေ့ါဗျာ။ ဒီလိုပဲ ကျနော်တို့ယူဆပါတယ်၊ နံပါတ်တစ် အချက်ပေ့ါ။

**စာမျက်နှာ ၁၄ သို့**

# ရှမ်းပြည်အရှေ့ပိုင်းငလျင် အကူအညီ မလုံလောက်

**BBC ၊ မတ်လ ၂၈ ။** ။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ကြာသပတေးနေ့ညက လှုပ်ခဲ့တဲ့ မြေငလျင်ဒဏ်ကို အဆိုးဆုံးခံခဲ့ရတဲ့ ရှမ်းပြည်အရှေ့ပိုင်း တာချီလိတ်မြို့နယ်က တာလေ၊ မိုင်းလင်းဒေသတွေမှာ ငလျင်ဒဏ်ခံရသူတွေကို အစိုးရရဲ့ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ World Vision အပါအဝင် အစိုးရအဖွဲ့မဟုတ်တဲ့ ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ပုဂ္ဂလိကအလှူရှင်တွေက ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ ကူညီပံ့ပိုးမှုတွေလုပ်နေပေမယ့် အခုအချိန်အထိအကူအညီတွေ လုံလုံလောက်လောက်မရရှိသေးဘူးလို့ သိရပါတယ်။

ငလျင်ဒဏ်ခံရသူတွေကို တာချီလိတ်ဒေသခံတွေ နီးစပ်ရာ ဆွေမျိုးသားချင်းတွေက မားမားခေါက်ဆွဲတို့၊ ရေတို့ စတဲ့အဓိကစားသောက်စရာတွေ ကူညီပေးဝေနေကြသလို မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ UNICEF, World Vision အဖွဲ့တွေကလည်း ဒုက္ခသည်တွေအတွက် ရွက်ဖျင်တဲထိုးဖို့ တာပေါ်လင်စတွေ၊ ခြင်ထောင်၊ ဖျာ၊ အိုး၊ ပန်ကန်၊ ခွက် စတာတွေကို ထောက်ပံ့ပေးနေတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် တချို့ဒုက္ခသည်တွေဟာ ဒီကနေ့အထိ အကူအညီ အထောက်အပံ့မရရှိကြသေးဘူးလို့ ပြောကြပါတယ်။ အဲဒါကြောင့် အခုအထိ ဒုက္ခသည်တော်တော်များများဟာ သူတို့အိမ်ရှေ့လမ်းမပေါ်မှာလုပ်ထားတဲ့ ရွက်ဖျင်တဲတွေမှာဘဲ မိုးဒဏ် လေဒဏ်နဲ့ အအေးဒဏ်တွေကို ခံနေကြရတယ်လို့ တာလေဒေသခံတဦးကပြောပြပါ တယ်။

# သဘာဝဘေးဒဏ် ကူညီရေး အဲန်အယ်ဒီ လုပ်ဆောင်

**RFA ၊ မတ်လ ၂၉ ။** ။ NLD ပါတီအနေနဲ့ မြန်မာပြည်သူတွေ ရင်ဆိုင်နေရတဲ့ သဘာဝဘေးဒဏ်တွေအတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေကို ဆက်တိုက်လုပ်ဆောင်လျက်ရှိတယ်လို့ ပါတီတာဝန်ရှိသူတွေက RFA ကို မတ်လ ၂၉ ရက် ဒီကနေ့ပြောကြားပါတယ်။

အခုလပိုင်းအတွင်း မြန်မာနိုင်ငံမှာ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာတဲ့ သဘာဝဘေးဒဏ်တွေကြောင့် အခက်အခဲမျိုးစုံ ရင်ဆိုင်နေရတဲ့ မြန်မာနိုင်ငံသားတွေအတွက် အကူအညီတွေ ပေးဖို့ ပါတီခေါင်းဆောင်တွေကဆုံးဖြတ်တာကြောင့် ဆက်တိုက် ဆောင်ရွက်နေတယ်လို့ NLD ပါတီ ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောပါတယ်။ လတ်တလောအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့တာဝန်ပေး ချက်အရ ပြီးခဲ့တဲ့ မတ်လ အလယ်က ရောဝတီတိုင်းအတွင်း ပင်လယ်ပြင်မှာ လေပြင်းမုန်တိုင်းတိုက်ခိုက်မှုကြောင့် ပျောက်ဆုံးနေတဲ့ ရေ လုပ်သားတွေအရေးကိုလည်း ဆောင်ရွက်ဖို့စီစဉ်နေတယ်လို့ သိရပါ တယ်။

"ဒီနေ့ကစပြီးတော့ ကျွန်တော်တို့ရောဝတီတိုင်းဖက်က တိုင်းစည်းနဲ့တာဝန်ရှိတဲ့သူတွေကို အဲဒီ ဒုက္ခသည် သေဆုံး ပျောက်ဆုံးနေတဲ့ မိသားစုတွေပေါ့ဗျာ၊ အဲဒီက ရေလုပ်သားတွေရဲ့မိသားစုတွေကို ကျွန်တော်တို့ချိတ်ဆက်နေပါတယ်။ ချိတ်ဆက်ပြီးတော့ အခုဟာကတော့ ဖလထိပ်ကျွန်းတို့ ဘာတို့ကနေပြီးတော့ သေဆုံးတဲ့လူစာရင်း ၁၀ ယောက်လောက် ကျွန်တော်တို့ရထားပြီ။"

ဒီလုပ်ငန်းအပြင် မုံရွာမီးဘေးကယ်ဆယ်ရေးလုပ်ငန်းမှာ သူတို့ပါတီအနေနဲ့ တတ်နိုင်သလောက်ပါဝင်ခဲ့သလို လောလောဆယ်မှာ ရှမ်းပြည်နယ်ကငလျင်ဘေးဒဏ်ခံပြည်သူတွေအတွက် အကူအညီပေးရေးလုပ်ငန်းတွေ လုပ်ဆောင်လျက်ရှိတယ်လို့ သိရပါတယ်။

အာဏာပိုင်တွေဆီသွားတောင်းတော့လည်း အထက်ကအမိန့် မရလို့ မပေးနိုင်သေးဘူးလို့ပြောဆိုခဲ့တာကြောင့် ဘာမှမရဘဲ လက်ဗလာနဲ့ပြန်လာခဲ့ရကြောင်း ဒေသခံကပြောပြပါတယ်။ အဓိက စားဖို့သောက်ဖို့ကိုတော့ တခြားဒေသကဒေသခံတွေက ဆိုင်ကယ်နဲ့ကားနဲ့ တချို့ဆိုရင်လည်း လမ်းလျှောက်ပြီး ချိုင့်နဲ့ဖြစ်ဖြစ် ပလပ်စတစ်ဗူးနဲ့ဖြစ်ဖြစ် လာပေးကြတယ်လို့ ဆိုပါတယ်။

ငလျင်ဒဏ်ခံရသူတွေအလိုအပ်ဆုံးက အမိုးအကာ၊ အစားအသောက်နဲ့ သောက်သုံးရေဖြစ်ပြီး World Vision က သောက်သုံးရေ ရရှိရေးကို အဓိကထားဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ အခုအခါ ကယ်ဆယ်ရေးနဲ့ပြန်လည်နေရာချထားရေးဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းတွေကို ရန်ကုန်ကနေ လေယာဉ်နဲ့ပို့ပေးနေတယ်လို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းတာဝန်ရှိသူတဦးက ပြောပါတယ်။

တာလေတံတားနိမ့်ကျသွားခဲ့တာနဲ့ ကားလမ်းအက်ကွဲကြောင်း တချို့ ပြန်ပြင်ပြီးလို့ ကားလမ်းကနေ တာချီလိတ်ကတဆင့် ကယ်ဆယ်ရေးပစ္စည်းတွေ ပေးပို့နေတယ်လို့ဆိုပါတယ်။

**စာမျက်နှာ ၁၃ မှ**

"ကျနော်တို့ မျှော်မှန်းတာကတော့ မျှော်မှန်းထားပါတယ်။အားထားလို့ကတော့မရဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ မျှော်မှန်း တာကတော့ ကျနော်တို့ ကိုယ်ပိုင်တဲ့ ဒိုမိန်းပေါ့၊ ကိုယ့်အဝန်းအဝိုင်းထဲမှာ တော့၊လွှတ်တော်ထဲမှာတော့ ပြည်သူတွေနဲ့ ပတ်သက်တဲ့ကောင်းရာကောင်းကျိုးတွေ၊ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ ဥပဒေကြမ်းတွေ၊ အဆိုတွေ တင်သွင်းဖို့ကတော့ စဉ်ဆက်မပြတ်ဖန်တီးပြီး ဆောင်ရွက်သွားမှာပါပဲ။

"ဆောင်ရွက်သွားတဲ့အပေါ်မှာ ဖန်တီးပေးမှုကို အားထားဖို့ကြတော့အစိုးရအဖွဲ့နဲ့လွှတ်တော်မှာ အများစုအနိုင်ရထားတဲ့ပါတီတွေကဒါကို လိုက်လျောညီထွေနဲ့ပြည်သူ့အကျိုးစီးပွားကိုသူတို့ကလည်း တကယ်တမ်းရှုမြင်ပြီး ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီလိုရှိမှသာလျှင် အားထားလို့ရမှာဖြစ်ပါတယ်။ ပြီးတော့လူများစုနဲ့ အနိုင်ရထားတဲ့ပါတီကြီးဖြစ်လို့ လွှတ်တော်ထဲမှာရော အစိုးရထဲမှာရော သူတို့လူတွေချည်းပဲဆိုတော့ သူတို့ကိုယ်တိုင်က လူများစုနဲ့အနိုင်ကျင့်တဲ့အဖြစ်ကိုမရောက်အောင် နိုင်ငံတကာမျက်နှာစာမှာ နိုင်ငံရေးသိက္ခာအပြည့်နဲ့ ဆောင်ရွက်မယ်ဆိုရင်တော့ အားထားဖွယ်ရာ ရှိလာစရာရှိတယ်လို့ ကျနော် တို့ ယူဆပါတယ်။"

အလားတူ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) က ဦးသုဝေကလည်း အရပ်သား အစိုးရပြောင်းလဲလာတာဟာ ကောင်းတဲ့လက္ခဏာဖြစ်တယ်၊ ဒါပေမဲ့ ဒီမိုကရေစီ ပီပြင်လာအောင်တော့ လုပ်ဆောင်စရာတွေအများကြီးရှိသေးတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

"ဒါ တိုးတက်ဖြစ်ပေါ်လာတဲ့ ကောင်းတဲ့လက္ခဏာလို့ ကျနော်တို့ကတော့ ဒီလိုပဲယူဆတယ်။ ဒါပေမဲ့ ဒီမိုကရေစီ ပီပြင်အောင်ကတော့ အများကြီးကြိုးစားဖို့လိုတာပေါ့နော်။ အဲတော့ အစိုးရကိုချည်း အားကိုးနေလို့မရဘူး။ ကျနော်တို့လည်း ဝိုင်းပြီးတော့ ပံ့ပိုးကြိုးစားရမယ်လို့ ယူဆပါတယ်။"အစိုးရသစ်ပြောင်းလဲဖွဲ့စည်းလိုက်တဲ့အပေါ် နိုင်ငံရေးပါတီတွေနဲ့နိုင်ငံရေးအသိုင်းအဝိုင်းက တုံ့ပြန်ပြောဆိုမှုတွေ ဖြစ်ပါတယ်။

# အစိုးရသစ်ရဲ့ သတမသစ် ဗိုလ်သိန်းစိန် သမတအဖြစ် ကျမ်းသစ္စာကျိန်ဆို

**VOA၊ မတ်လ ၃၀။** ။ ဒီကနေ့ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာအစိုးရအဖွဲ့သစ်ရဲ့သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရတဲ့ ဗိုလ်ချုပ်ကြီးဟောင်းသိန်းစိန်ဟာ ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။ ဒီလို ကျိန်ဆိုခဲ့ပြီးတဲ့နောက်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာအရပ်ရပ်ကို အစိုးရသစ်ကို လွှဲအပ်ကြောင်း နဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ တဆက်တည်းမှာပဲ နိုင်ငံတော်သမ္မတက သူ့ရဲ့ မိန့်ခွန်းမှာ အစိုးရသစ်က ဆောင်ရွက်မယ့် မူဝါဒတွေကို ထည့်သွင်းပြောကြားခဲ့သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အသစ်ပြောင်းလဲကြောင်းကိုလည်း ပြည်ထောင်စုလွှတ်တော်မှာ ထုတ်ပြန်ခဲ့ပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် ကိုမိုးဇော်က တင်ပြပေးထားပါတယ်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ဒီကနေ့မနက် ၁၁ နာရီလောက်မှာ စတင်ကျင်းပခဲ့ပြီး ၁၅ မိနစ်လောက် အကြာမှာ ဗိုလ်ချုပ်ကြီးဟောင်း သိန်းစိန်က သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့တာပါ။ နောက်မှာတော့ မြန်မာပြည်ကို နှစ်ပေါင်း ၂၀ ကျော်ကြာ အုပ်ချုပ်ခဲ့တဲ့စစ်ကောင်စီကအာဏာလွှဲအပ်ကြောင်းကြေညာခဲ့တာဖြစ်ပါတယ်။

ဒီကနေ့ ပြည်ထောင်စုလွှတ်တော် အတွင်းမှာ အစိုးရသစ်ကို အာဏာလွှဲပြောင်း ပေးအပ်လိုက်တဲ့ အခြေအနေကိုတော့ အမျိုးသားဒီမိုကရေစီ အင်အားစု ပါတီက လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က အခုလို ပြောပါတယ်။

"သမ္မတက ၁၁ နာရီ ၁၅ မိနစ်က စပြီး ကျမ်းကျိန်တယ်။ ၁၁ နာရီ ၂၀ လောက်မှာ ပြီးတယ်ဗျ။ နောက် နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကို ဖျက်သိမ်းကြောင်း ကြေညာတယ်။ ဒီဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ကြေညာချက်ကို ပြည်ထောင်စုလွှတ်တော် နာယကက ဖတ်ပြတာပေါ့ဗျာ။"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ကြေညာချက်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်တွေ ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာ ပြုပြီးတဲ့အချိန်ကစပြီး နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီက ကျင့်သုံးနေတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာတွေကို လွှဲပြောင်း ပေးအပ်လိုက်ကြောင်းလည်း ဖော်ပြထားပါတယ်။ တဆက်တည်းမှာပဲ တိုင်းနဲ့ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာ အဆင့်ဆင့် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီတွေကိုလည်း ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။

ဒီလို နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီကို ဖျက်သိမ်းပြီး အာဏာအရပ်ရပ်ကို အစိုးရသစ်ကို လွှဲအပ်ပေးတဲ့ အခမ်းအနားကိုတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်တာ မရှိခဲ့ပါဘူး။ ကျမ်းသစ္စာ ကျိန်ဆိုပြီးတဲ့ နောက်မှာတော့ နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော်မှာ အစိုးရသစ်ရဲ့ မူဝါဒကို ဖော်ပြတဲ့မိန့်ခွန်း ပြောကြားခဲ့ပါတယ်။

"သမ္မတအနေနဲ့ စီးပွားရေးနဲ့ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနဲ့ စက်မှုဖွံ့ဖြိုးရေးလုပ်ဖို့၊ ကာကွယ်ရေးနဲ့ ပတ်သက်လို့တပ်မတော်ကို အင်အားရှိအောင်၊ ကမ္ဘာ့အဆင့်မီအောင် တည်ဆောက်ဖို့နိုင်ငံသားတိုင်း တပ်မတော်မှာ ပါဝင်ဆောင်ရွက်ရမယ်လို့ ပြောပါတယ်။ ကျနော်တို့ နားလည်တာတော့ ဟိုတလောကပြောတဲ့ စစ်မှုထမ်းရေးကိစ္စဖြစ်မယ်ထင်ပါတယ်။ နိုင်ငံသားတိုင်းဟာ တပ်မတော်မှာ ပါဝင်ရမယ်ဆိုတဲ့သဘော ပြောပါတယ်။

"နိုင်ငံရေးနဲ့ပတ်သက်လို့လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို မကြိုက်တဲ့ ပြည်တွင်း ပြည်ပက အဖွဲ့အစည်းတွေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ချင်တယ်ဆိုရင်လည်း ဥပဒေနဲ့အညီပြင်ဖို့ပဲ ကြိုးစားပါတဲ့။ ဥပဒေနဲ့အညီပြင်ဖို့ကြိုးစားတာ ဥပဒေနဲ့မညီဘူးဆိုရင်လည်းလိုအပ်တဲ့ တားဆီးပိတ်ပင်မှုတွေ သူတို့ လုပ်ပါမယ်လို့ပြောပါတယ်။ ခေတ်စနစ်နဲ့လျော်ညီတဲ့ ဥပဒေတွေ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးပေါ့ဗျာ၊ အား လုံးလိုအပ်တဲ့ဥပဒေတွေ သူတို့ပြင်မယ်လို့လည်း ပြောပါတယ်။"

ဒီကနေ့ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာပဲ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အသစ် ခန့်အပ်ကြောင်း လွှတ်တော်နာယကက ကြေညာခဲ့ပေမဲ့ နာမည်တွေတော့ ထည့်သွင်း မကြေညာခဲ့ဘူးလို့ ဦးဖုန်းမြင့်အောင်က ပြောပါတယ်။

"တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပြည်ထောင်စုလွှတ်တော်မှာ လွှတ်တော်နာယကက ရာထူးပဲ ကြေညာတယ်၊ နာမည်တွဲပြီး မကြေညာဘူး။ အဲဒီတော့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နဲ့ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို ကျနော်တို့ မြင်ရတာတော့ နာမည်မပါတဲ့ ဗိုလ်ချုပ်ကြီး ၂ ယောက်တွေ့တယ်။

"အဲဒါ သူတို့ ဝင်တွေ့နေတဲ့လူ ပြောတာတော့ ဗိုလ်ချုပ်မင်းအောင်လှိုင်နဲ့ ဗိုလ်ချုပ်စိုးဝင်းဆိုလား မသိဘူး။ သူတို့က နာမည်ထည့်မပြောတော့။ လူသစ် ၂ ယောက်ပေါ့၊ အဲဒါ တွေ့ရပါတယ်။ လူတွေကိုတော့ ရှေ့မှာမြင်ရပါတယ်။ နာမည်ကိုတော့ မကြေညာပါဘူး။ သူတို့ ကိုယ်ရေးရာဇဝင်ကိုလည်း မပေးပါဘူး။ အဲဒါ ထူးခြားချက် ရှိပါတယ်။"

ဒီကနေ့နေပြည်တော်မှာကျင်းပတဲ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာပြည်ထောင်စုအစိုးရဝန်ကြီးတွေလည်းကျမ်းသစ္စာကျိန်ဆိုခဲ့သလို ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးက ပြည်နယ်နဲ့တိုင်း ဝန်ကြီးချုပ်တွေနဲ့ဝန်ကြီးတွေလည်း ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြပါတယ်။

"ဒီနေ့တော့ ကျမ်းသစ္စာ ကျိန်ဆိုကြပါတယ်။ ဝန်ကြီးချုပ်ရယ်၊ ပြည်နယ် ဝန်ကြီးတွေရယ်၊ ရှေ့နေချုပ်ရယ်၊ စာရင်းစစ်ချုပ်ရယ်၊ တရားသူကြီးချုပ်ရယ်ပေါ့။ ပြီးတော့ ဝန်ကြီးဌာနနဲ့ လူနဲ့ တွဲပေးတာပေါ့။"

ရခိုင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော် ပြောသွားတာ ဖြစ်ပါတယ်။ ဒီနေ့ စတင် အသက်ဝင်လာတဲ့ ပြည်ထောင်စု အစိုးရသစ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့ဝင်တွေဟာ အရင် စစ်အစိုးရ ဝန်ကြီးဟောင်းတွေ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီနဲ့ စစ်တပ်က ကိုယ်စား လှယ်တွေ အများစု လွှမ်းမိုးထားတာလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် လွှတ်တော် အသီးသီးက အစည်းအဝေးတွေကို မနက်ဖြန်က စတင်ပြီး ရပ်နားမှာ ဖြစ်တာကြောင့် ကိုယ်စားလှယ် အသီးသီးဟာ နေရပ်ပြန်ဖို့ ပြင်ဆင်နေကြပြီ ဖြစ်ပါတယ်။

# ဂျပန်နိုင်ငံ ဖူကူရှီးမားအနီးပင်လယ် အနုမြူဓာတ်ရောင်ခြည် အမြင့်ဆုံးပါဝင်

**BBC। မတ်လ ၃၀ ။** ။ဖုကူရှီးမားနျူကလီးယားစက်ရုံအနီးကပင်လယ်ပြင်မှာ ရေဒီယိုသတ္တိကြွ အိုင်အိုဒင်းဓာတ်ပျော်ဝင်မှုကို အဆင့်အမြင့်ဆုံးတွေ့ရပါတယ်။

အာဏာပိုင်တွေဘက်ကတော့ အန္တရာယ်ဖြစ်လောက်အောင်မများဘူးလို့ပြောပါတယ်။ ပင်လယ်ပြင်ထဲကရေသတ္တဝါတွေရော၊ အဲဒီရေသတ္တဝါတွေကိုစားသုံးကြသူတွေကိုပါ အန္တရာယ်မဖြစ်အောင် အာဏာပိုင်တွေက ပင်လယ်ပြင်ဘက်ကီလိုမီတာ ၂၀ အတွင်းမှာ ငါးမဖမ်းရအမိန့်ထုတ်ထားပါတယ်။

စားသုံးသူတွေ ဒီရေသတ္တဝါတွေကိုပြန်လည်စားသုံးချိန်မှာရေဒီယိုသတ္တိကြွဓာတ်တွေဟာ သိသိသာသာရေပျော်ဝင်မှုကြောင့်အားပျော့နေပြီလို့ ဂျပန်အာဏာပိုင်တွေကပြောပါတယ်။ တကယ်တော့ရေဒီယိုသတ္တိကြွ အိုင်ဆိုတုတ် အိုင်အိုဒင်း ၁၃၁ ဟာ လူသားတွေကိုအန္တရာယ်ဖြစ်စေနိုင်ပါတယ်။ အထူးသဖြင့် နုနယ်တဲ့ကလေးအရွယ်တွေကိုပါ။ လည်ပင်းထဲကသိုင်းရွိုက်ဂလင်းထဲမှာ ရေဒီယိုသတ္တိကြွ အိုင်အိုဒင်းဓာတ်သွားစုတဲ့အခါမှာ သိုင်းရွိုက်ကင်ဆာဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် တိုကျိုမြို့နယ်တချို့ဒေသအာဏာပိုင်တွေက သောက်သုံးရေဖြန့်ဖြူးတဲ့အထဲမှာ ရေဒီယိုသတ္တိကြွအိုင်အိုဒင်းဓာတ် ပျော်ဝင်မှုများတာတွေ့ရလို့ အထူးသဖြင့် ကလေးငယ်တွေကိုဘုံဘိုင်ရေမတိုက်မိဖို့ သတိပေးထားပါတယ်။

ဂျပန်နျူကလီးယားလုပ်ငန်းဆိုင်ရာအာဏာပိုင်တွေက ရေဒီယိုသတ္တိကြွဓာတ်တွေ ဘယ်ပုံဘယ်နည်းနဲ့ ပင်လယ်ရေထဲပျော်ဝင်သွားတယ်ဆိုတာကို အတိအကျမသိကြောင်းပြောပါတယ်။ ဖြစ်နိုင်ခြေကတော့ ဓာတ်ပေါင်းဖိုတွေအေးအောင် ပင်လယ်ရေသွင်းရာမှာ ရေဒီယိုသတ္တိကြွဓာတ်တွေရောနှောပျော်ဝင်သွားတယ်လို့ခန့်မှန်းကြပါတယ်။

နောက်တချက်ကလည်း ဒီရေဒီယိုသတ္တိကြွဓာတ်တွေ ဘယ်နေရာကနေပြန့်သွားတယ်ဆိုတာကို အာဏာပိုင်တွေခန့်မှန်းမရအောင်ဖြစ်နေပါတယ်။ ဓာတ်ပေါင်းဖိုတွေကဘဲထွက်တာလား၊ ဒါမှမဟုတ် သုံးပြီးသားလောင်စာချောင်းတွေကို သိုလှောင်ထားတဲ့ရေကန်ထဲကဘဲထွက်တာလား၊ ဓာတ်ပေါင်းဖိုထဲမှာရှိတဲ့ လေဖိအားလျှော့ကျအောင်အစောပိုင်ကလုပ်မိတဲ့အတွက် ရေဒီယိုသတ္တိကြွဓာတ်တွေပြန့်သွားသလားဆိုတာ အဖြေရှာမရကြသေးပါဘူး။

ဒါကြောင့်မို့ အာဏာပိုင်တွေအနေနဲ့ ဓာတ်ပေါင်းဖိုတွေအေးအောင် ဆက်လက်လုပ်နေရတဲ့တချိန်တည်းမှာဘဲ ဓာတ်ပေါင်းဖိုတွေအောက်ခြေရှိ ရေဒီယိုသတ္တိကြွရေတွေ ရှင်းထုတ်ပြစ်နေရတဲ့အတွက် စစ်မျက်နှာနှစ်ခုရင်ဆိုင်ရသလိုဖြစ်နေပါတယ်။

ဒီလုပ်ငန်းကလည်း မလွယ်ကူလှတာကြောင့် ရေဒီယိုသတ္တိကြွပျော်ဝင်ရေတွေကိုစုပ်ထုတ်ပြစ်ပြီး သိုလှောင်တဲ့ရေကန်ဘဲတူးမလား၊ ဒါမှမဟုတ်လှောင်ကန်ပါတဲ့သင်္ဘောဘဲသယ်လာပြီးထည့်ထားရမလားဆိုတာကို အာဏာပိုင်တွေစဉ်းစားနေကြပါတယ်။

---

## ဒုကာကွယ်ရေးဦးစီးချုပ်သစ် ဗိုလ်ချုပ်စိုးဝင်းကို ရွေး

**RFA। မတ်လ ၂၈ ။** ။ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မကြာခင်ပေါ်ပေါက်လာမဲ့ အစိုးရအဖွဲ့သစ်အတွက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သစ်အဖြစ် ဗိုလ်ချုပ်စိုးဝင်းကို ရွေးချယ်လိုက်ပြီလို့ နေပြည်တော်စစ်ရုံးချုပ်နဲ့ နီးစပ်သူတွေက RFA ကို မတ်လ ၂၇ ရက် မနေ့က ပြောကြားပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေတာဝန်ယူထားတဲ့ ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို စစ်တက္ကသိုလ် အပတ်စဉ် ၁၉ ဆင်း ဒု-ဗိုလ် ချုပ်ကြီးမင်းအောင်လှိုင်ကို လွှဲအပ်ဖို့လျာထားတဲ့သတင်းကို RFA ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။

အခု ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ယူလာခဲ့တဲ့ ဒုတိယကာကွယ်ရေးဦးစီးချုပ်နေရာကို လျာထားခံရတဲ့ ဗိုလ်ချုပ်စိုးဝင်းဟာ စစ်တက္ကသိုလ်အပတ်စဉ် ၂၂ ဆင်းဖြစ်ပါတယ်။

သူဟာ လက်ရှိ အထူးစစ်ဆင်ရေးအဖွဲ့ ၆ အဖွဲ့မှူး တာဝန်ယူထားသူဖြစ်ပြီး၊ ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မတိုင်ခင်အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်တာဝန်ယူလာခဲ့သူ ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒုတိယကာကွယ်ရေးဦးစီးချုပ်ရာထူးသစ်အတွက် ဗိုလ်ချုပ်စိုးဝင်းနဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဟောင်း ဗိုလ်ချုပ်လှဌေးဝင်းတို့ နှစ်ဦးထဲက တဦးကို ရွေးချယ်ပေးအပ်ဖို့မူလကတည်းက ရည်ရွယ်ထားတာဖြစ်တယ်လို့ မြန်မာ့စစ်ရေးနိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောက ပြောပါတယ်။

"သူ့နာမယ်တော့ စောစောတုန်းက အစောဆုံးထွက်လာတာ သူ့နာမယ်ပဲ ဒု-ချုပ်အနေနဲ့။ နောက် ကိုမင်းအောင်လှိုင် တပ်ချုပ် ဖြစ်တယ်ဆိုတာထွက်လာတယ်။"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ကာကွယ်ရေးဦးစီးချုပ်ရာထူးအတွက် ဗိုလ်ချုပ်ကြီးသူရမြင့်အောင်ကိုမရွေးချယ်ပဲ သူ့ထက် စစ်တက္ကသိုလ်ဗိုလ်သင်တန်းအပတ်စဉ်နောက်ကျတဲ့ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ကို လျာထားလိုက်တဲ့အတွက် မကျေလည်မှုတွေ ပေါ် ပေါက်ခဲ့ပြီး၊ ဗိုလ်ချုပ်ကြီးသူရမြင့်အောင်ကို နေအိမ်အကျယ်ချုပ် ချထားလိုက်တယ်လို့ မကြာခင်က သတင်းတွေပေါ်ထွက်ခဲ့ပါတယ်။

လောလောဆယ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဦးသိန်းစိန်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့သစ်ကို တရားဝင်အာဏာလွှဲပြောင်းမဲ့နေ့ရက်ကို အခါပေးဆရာတွေနဲ့တိုင်ပင်ပြီး ချိတုံ့ချတုံ့ စဉ်းစားနေဆဲဖြစ်တယ်လို့သိရပါတယ်။ နေပြည်တော်က နောက်ဆုံးရရှိတဲ့ အတည်မပြုနိုင်သေးတဲ့သတင်းတွေအရ အာဏာလွှဲပြောင်းပွဲကို ဧပြီလ ၁ ရက်နေ့မတိုင်ခင် အခုရက်ပိုင်းအတွင်း ကျင်းပမှာဖြစ်တယ်လို့ ဆိုပါတယ်။

---

### မျက်နှာဖုံးမှ

ဒေါ်အောင်ဆန်းစုကြည်နဲ့လက်တွဲကာ ပိတ်ဆို့မှုတွေ ပိုမိုထိရောက်မှုရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့လည်း အဲဒီစာမှာ ဖော်ပြထားပါတယ်။ ဒီတောင်းဆိုချက်ဟာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ရပ်တည်ချက်ကိုထင်ဟပ်ထားတာဖြစ်တယ်လို့ ဝါရှင်တန်မြို့တော်အခြေစိုက် USBC မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်မှုအဖွဲ့ရဲ့ မူဝါဒရေးရာ ညွှန်ကြားရေးမှူး ဦးအောင်ဒင်ကပြောပါတယ်။

အခု စာရေးသားတောင်းဆိုလိုက် အမတ် ၄ ဦးကတော့ အမေရိကန် အထက်လွှတ်တော် ရီပတ်ဘလီကန်ပါတီ လူနည်းစုခေါင်းဆောင် Mitch McConnell, ဆီးနိတ်လွှတ်တော် သဘာဝပတ်ဝန်းကျင်နဲ့ပြည်သူ့ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ Barbara Boxer, ဆီးနိတ်စုံစမ်းထောက်လှမ်းရေးကော်မတီဥက္ကဋ္ဌ Dianne Feinstein နဲ့ ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် Mark Kirk တို့ ဖြစ်ပါတယ်။

# Civil Society ဆိုရာဝယ်

**ယခင်အပတ်အဆက်**

ခင်မမမျိုး

ollaborative model ကို အသုံးပြုပြီးမှ political dimension ကို ထည့်သွင်းလာခဲ့ရင်တော့ အာဏာရှင်အစိုးရနဲ့ ပြဿနာတက်ရင်တက်၊ မတက်ရင်လဲ အာဏာရှင်အစိုးရရဲ့ အာဏာတည်မြဲရေးအသုံးချခံ လက်ကိုင်ဒုတ်တွေ ဖြစ်သွားတတ်ပါတယ်။

Mediational Model of Civil Society

တချို့ ပညာရှင်တွေကတော့ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုတာ နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းကြားက စေ့စပ်ဆွေးနွေးရေးကို လုပ်ဆောင်ပေးမယ့် mediating sphere အနေနဲ့ သတ်မှတ်ကြပါတယ်။ နိုင်ငံရေးပညာရှင် Norton က နိုင်ငံတော်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းကြားမှာ mediating structure လိုအပ်ချက်ကို civil society က ဖြည့်ဆည်းပေးနိုင်တယ်လို့ အဆိုပြုခဲ့ပါတယ်။ Sunar ဆိုသူကလဲ အတင်းအကြပ်တိုက်တွန်းခြင်း၊ ချုပ်ခြယ်ခြင်းစတာတွေ မပါတဲ့ စုဖွဲ့မှု ကြားခံ ဒိုမိန်းတခုအနေနဲ့ civil society ကို သတ်မှတ်နိုင်ကြောင်း ဆိုခဲ့ပါတယ်။ Mediational Model ကို လက်ခံကျင့်သုံးတဲ့ အန်ဂျီအိုအဖွဲ့အစည်းတွေက အရပ်ဘက်လူ့အဖွဲ့အစည်းဆိုတာကို နိုင်ငံတော် (state) နဲ့ လူ့အဖွဲ့အစည်း (Society) တို့နဲ့ သီးခြားရှိနေတဲ့ ကြားခံစေ့စပ်ဆွေးနွေးရေး sphere တခုအနေနဲ့ သတ်မှတ်ထားကြပါတယ်။

အငြင်းပွားမှုများ

အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)နဲ့ Civil Society Organizations (CSOs) တွေအဖြစ် ပါဝင်နေတဲ့ အန်ဂျီအိုအဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး ကွဲပြားတဲ့အမြင်တွေနဲ့ အငြင်းပွားမှုတွေ အများအပြားရှိပါတယ်။ ထင်ရှားတဲ့ အမြင်တွေကတော့

(၁) အန်ဂျီအိုလုပ်ရင် နိုင်ငံရေးမလုပ်ရဘူး။

ဒီအမြင်က Collaborative Model of Civil Society အပေါ်မှာ အခြေခံပြီး ပေါ်ထွက်လာတာ ဖြစ်ပါတယ်။Confrontational Model နဲ့ Autonomous Model တွေအပေါ်မှာအခြေခံပြီး အတိုက်အခံနိုင်ငံရေးနဲ့ လူထုအခြေပြုနိုင်ငံရေးကို ဖော်ဆောင်နေတဲ့ အန်ဂျီအိုတွေ အများကြီး ရှိပါတယ်။

(၂) နိုင်ငံရေးမလုပ်ပဲ လူမှုရေးအလုပ်တွေ၊ အန်ဂျီအိုအလုပ်တွေ လုပ်နေတယ်။

ဒီအမြင်က အန်ဂျီအိုအလုပ်ဆိုတာကို depoliticized sphere အနေနဲ့ရှုမြင်သုံးသပ်ချက်ကနေ ပေါ်ထွက်လာတာဖြစ်ပါတယ်။ နိုင်ငံရေးပါဝင်ပတ်သက်မှု (political participation) ဆိုတာမှာပါတီတည်ထောင်ပြီး ရွေးကောက်ပွဲနဲ့ လွှတ်တော်တွေမှာ ပါဝင်ပတ်သက်တဲ့ conventional politics ဆိုင်ရာ ပါဝင်ပတ်သက်မှုဆိုတာရှိသလိုတော်လှန်ရေးတွေ၊ လူထုလှုပ်ရှားမှု၊ စည်းရုံးရေးအသွင်ဆောင်တဲ့လူထုအခြေပြုနိုင်ငံရေးလုပ်ငန်းဆောင်တာတွေမှာ ပါဝင်ပတ်သက်တဲ့contentious politics ဆိုင်ရာ ပါဝင်ပတ်သက်မှုဆိုတာလဲရှိပါတယ်။အတိုက်အခံနိုင်ငံရေးလှုပ်ရှားမှုမှာ နိုင်ငံရေးခေါင်းဆောင်တွေ၊နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေပဲပါဝင်ဦးဆောင်ရုံနဲ့ လူထုလှုပ်ရှားမှုတွေပေါ်ထွက်လာခြင်းမရှိနိုင်ပါ။ တပ်ဦးကျတဲ့ မအောင်မြင်သော တော်လှန်ရေးတွေပဲပေါ်ထွက်လာနိုင်ပါတယ်။ လူထုနဲ့နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ တော်လှန်ရေးအဖွဲ့အစည်းတွေတသားတည်းဖြစ်လာမှသာအောင်မြင်မှု အလားအလာကောင်းတဲ့လှုပ်ရှားမှုတွေ ပေါ်ထွက်လာနိုင်ပါတယ်။ ဒီအတွက် လူထုကို လေ့ကျင့် ချ စည်းရုံးနိုင်ဖို့ အန်ဂျီအိုအ လုပ်တွေ၊ Civil Society အားကောင်းလာအောင်ချဲ့ထွင်မှုတွေကိုလဲ politicized sphere အနေနဲ့အကောင်အထည်ဖော်ဆောင်ရမှုတွေ ရှိတတ်ပါတယ်။

(၃) အန်ဂျီအိုတွေ အာဏာရှင်တွေနဲ့ ပေါင်းလုပ်နေကြတယ်။

Collaborative Model ကို အခြေခံပြီး ဖွဲ့စည်းတဲ့ အန်ဂျီအိုတွေက အာဏာရှင်အစိုးရတွေနဲ့မဖြစ်မနေအလုပ်တွဲလုပ်ကြရမှာပဲဖြစ်ပါတယ်။ ဒီလိုတွဲလုပ်ကြတာကို အပြစ်မြင်စရာမရှိပါ။ သို့ပေမယ့် ဒီလိုတွဲလုပ်တဲ့အခါ depoliticized sphere အနေနဲ့ သတ်မှတ်ပြီးတွဲလုပ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများကိုတော့အာဏာရှင်အစိုးတွေက လက်ကိုင်ဒုတ်အဖြစ် အသုံးမချရဲကြပါဘူး။ Constructive engagementလုပ်နိုင်တယ်ဆိုတဲ့တံခါးလေးကိုဖွင့်ထားပေးရုံလောက်ပါပဲ။ သို့ပေမယ့် စာနယ်ဇင်း၊ ပညာရေး၊ ကျန်းမာရေးလူမှုရေးအဖွဲ့ငယ်လေးတွေကိုတော့ လက်ကိုင်ဒုတ်အဖြစ်အသုံးချနိုင်အောင် ကြိုးပမ်းလေ့ရှိကြပါတယ်။ အထူးသဖြင့် အာရှနဲ့အရှေ့အလယ်ပိုင်းဒေသတွေမှာ အာဏာရှင်တွေကိုယ်တိုင်က collabor ative Model ကို အခြေခံမယ့် အန်ဂျီအိုအဖွဲ့ငယ်လေးတွေကို နောက်ကွယ်ကနေကြိုးကိုင်ဖွဲ့စည်းထားလေ့ရှိကြောင်း ပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ကြပါတယ်။ သို့ပေမယ့် အန်ဂျီအို အားလုံးကိုတော့ အာဏာရှင်တွေနဲ့ပူးပေါင်းလုပ်နေတဲ့၊ အာဏာရှင်လက်ကိုင်ဒုတ်တွေအဖြစ် သတ်မှတ်လို့မရနိုင်ပါ။

နိဂုံး

နိဂုံးချုပ်ဆိုရရင် Civil Society အားကောင်းမှုဟာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ် (democratization) ရဲ့ ဒုတိယပိုင်းဖြစ်တဲ့ ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာမှု (democratic consolidation) အတွက်အရေးကြီးတဲ့ အချက်တချက်ဖြစ်ပါတယ်။ paradigm of social order ရဲ့မဏ္ဍိုင်ကြီးတခုလဲဖြစ်ပါတယ်။ ဒါကြောင့် Civil

**စာမျက်နှာ ၁၉ သို့**

# သမတ ဦးသိန်းစိန် မိန့်ခွန်းအပေါ် အဖွဲ့ချုပ်မှ မျှော်လင့်ချက်ထားဟုဆို

**VOA | မတ်လ ၃၁ ။** ။ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုအပြီး ပထမဆုံးမိန့်ခွန်းထဲမှာ ပြုပြင်ပြောင်းလဲရေးနဲ့ဆိုင်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့ လုပ်သွားမယ်လို့ သမ္မတသစ် ဗိုလ်ချုပ်ကြီးဟောင်းဦးသိန်းစိန်က ပြောခဲ့တဲ့အပေါ် သံသယနဲ့ မြင်ကြသူက များပါတယ်။ စကားလုံးတွေအရ ကောင်းပေမဲ့ တကယ့်လက်တွေ့ အကောင်အထည်ဖော်တာကိုကြည့်ရမယ်လို့ဆိုကြပါတယ်။ ဦးသိန်းစိန်ရဲ့မိန့်ခွန်းအပေါ် တုံ့ပြန်ချက်တွေကို ဘန်ကောက်ကနေ ကိုကျော်ကျော်သိန်းက စုစည်းပြီး တင်ပြပေးထားပါတယ်။

မတ်လ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ သမ္မတသစ် ဦးသိန်းစိန်ပြောခဲ့တဲ့ မိန့်ခွန်းထဲ ၂၀၀၈ အခြေခံဥပဒေနဲ့အညီ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးနဲ့ဆိုင်တဲ့ကိစ္စ၊ လစာနဲ့ပင်စင်လစာတွေ တိုးပေးဖို့ကိစ္စ၊ တောင်သူလယ်သမားတွေလယ်လုပ်ပိုင်ခွင့်ကိစ္စ၊ အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လူမှုဖူလုံရေးကိစ္စ၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြှင့်ဖို့ကိစ္စ၊ စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေတချို့ ပြင်ဆင်မယ့်ကိစ္စ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စ၊ သဘာဝဘေးအန္တရာယ်ကိစ္စတွေနဲ့ပတ်သက်ပြီး လွှတ်တော်ဆီ ဥပဒေကြမ်းတွေတင်သွင်းဖို့၊ ပြဋ္ဌာန်းဖို့ဆိုတာတွေ ပါဝင်ပါတယ်။

မိန့်ခွန်းအရ မျှော်လင့်ချက်ထားနိုင်တာတွေရှိပေမဲ့ လက်တွေ့လုပ်တာကို စောင့်ကြည့်ရဦးမယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"မိန့်ခွန်းတခုလုံးအပေါ်မှာတော့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်မယ် လို့ အဲဒီအဓိပ္ပာယ်ရတယ်။ သို့သော် တခါ ဒီဟာတွေ အားလုံးကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ Amendment ပေါ်မှာလည်း မူတည်တယ်။ အဖွင့်အပိတ်တွေနဲ့အဆိုပြုတာတွေ ကောင်းတာတွေလည်းရှိပါတယ်။ အပိတ်နဲ့ ပိတ်တာလည်းရှိပါတယ်။ ဒီမိန့်ခွန်းပေါ်မှာတော့ မျှော်လင့်စရာရှိတယ်လို့ ထင်တယ်။ သို့သော်တကယ်လက်တွေ့ လုပ်တာကိုကြည့်ဖို့တော့ လိုဦးမယ်။"

ဦးသိန်းစိန်ရဲ့မိန့်ခွန်းထဲမှာ နိုင်ငံရေး၊ စီးပွားရေးရာတွေနဲ့ပတ်သက်လို့ အတော်ပြောထားပေမဲ့ ပြည်တွင်းစစ် ရပ်စဲရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး ဆိုင်ရာတွေ မပါဝင်လှတဲ့အတွက် ပြည့်စုံတဲ့ မိန့်ခွန်းတခုတော့ မဟုတ်ဘူးလို့ သုံးသပ်သူက ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့က ကိုထွန်းမြင့်အောင်ဖြစ်ပါတယ်။ မိန့်ခွန်းကို ထဲထဲဝင်ဝင် မကြည့်ဘဲ အပြင်ပန်းသက်သက် ကြည့်မယ်ဆိုရင်တော့ ကောင်းတယ်လို့ပြောနိုင်မှာဖြစ်ပေမဲ့ မချင့်မရဲ ဖြစ်စရာတွေ၊ သံသယတွေနဲ့ ရတက်မအေးစရာတွေ အများကြီး ဖြစ်ရတယ်လို့ ကိုထွန်းမြင့်အောင်က ပြောပါတယ်။

"အဲဒါတွေက အလကား ဖြစ်လာတာတော့ မဟုတ်ဘူး။ အနှစ် ၂၀ ကျော် အတိတ်က မတရားပြုမူခဲ့တဲ့ အပြုအမူတွေကြောင့်ရော၊ နောက်ပြီးတော့ အဓိပ္ပာယ်တွေကို ဘယ်လိုဖွင့်ဆိုသလဲ၊ ပြီးတော့ ခြွင်းချက်တွေပါတာကိုလည်း တွေ့ရတယ်။ ဥပမာ ဘယ်လိုခြွင်းချက်တွေပါလဲဆိုတော့ တည်ဆဲဥပဒေတွေကနေ မဆီလျော်တဲ့ အချက်တွေကို ပြင်သွားမယ်ဆိုတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆိုတဲ့ဟာ နေရာတော်တော်များများမှာ တွေ့ရတယ်။

"အဲတော့ အဓိကပြဿနာက ၂၀၀၈ ဖွဲ့စည်းပုံဟာ မတော်မတရား တဖက်သတ်ရေးဆွဲထားပြီးတော့ အဓမ္မအတည်ပြုထားတဲ့ဖွဲ့စည်းပုံကိစ္စပဲ။ ဒီဖွဲ့စည်းပုံနဲ့ပဲ ဒီမိန့်ခွန်းတခုလုံးကို ပြန်ချုပ်ထားတာ ကျနော်တို့ တွေ့ရတယ်။"

သတင်းမီဒီယာပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ခေတ်နဲ့မလျော်ညီတဲ့ ပြဋ္ဌာန်းချက်တချို့ကို ပြင်ဆင်မယ်လို့ ဆိုထားပါတယ်။ ဒါပေမဲ့လည်း အဲဒီလိုပြင်မယ်ဆိုတာက စာပေစိစစ်ရေးနဲ့ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေကိုပြင်မှာလား၊ တင်းကျပ်ထားတဲ့ ဥပဒေတွေကို ဖြေလျှော့ပေးမှာလားဆိုတာက ရှင်းရှင်းလင်းလင်း မရှိဘူးလို့ ရန်ကုန်သတင်းသမားတယောက်က ပြောပါတယ်။

"အခုကအပြောင်းအလဲကာလ၊ ဘယ်လိုလုပ်မလဲဆိုတာပဲရှိတယ်၊ မရှင်းလင်းသေးဘူးလေ။ လုပ်ထုံးလုပ်နည်းတွေကိုပဲဖြေလျှော့မှာလား၊ ဒါမှမဟုတ် စာပေစိစစ်ရေးကိစ္စနဲ့ပတ်သက်တဲ့ဟာတွေကိုပဲ ဖြေလျှော့ပေးမှာလား၊ အနှစ်သာရပိုင်းနဲ့ဘယ်လိုဟာမျိုးတွေကိုပြင်ဆင်မှာလဲဆိုတာ မရှင်းလင်းသေးဘူးလေ။ အဲဒီတော့စောင့်ကြည့်ရမှာပဲ။

"သူတို့က အဲဒါကို လက်တွေ့လုပ်ပြတဲ့ အပေါ်မှာသာ ကျနော်တို့ အဆင်ပြေမှုဘယ်လောက်ရှိတယ်၊ အဆင်မပြေမှု ဘယ်လောက်ရှိတယ်၊ အကောင်းဘက်ကိုဦးတည်တယ်၊ ဦးမတည်ဘူးဆိုတာအဲဒီကျမှပဲ ကျနော်တို့က ဆုံးဖြတ်လို့ရမှာဖြစ်တယ်။ အခုကတော့အပြောင်းအလဲကာလဆိုတော့ စောင့်ကြည့်ရမယ့် အခြေအနေမျိုးမှာပဲ ရှိသေးတာပေါ့။"

မတ်လ ၃၀ ရက်နေ့က သမ္မတ၊ ဒု-သမ္မတတွေ အပါအဝင် ပြည်ထောင်စုအဆင့် တာဝန်ရှိသူတွေအားလုံး ကျမ်းသစ္စာကျိန်ဆိုခဲ့သလို အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေကိုလည်း အသီးသီး ခန့်အပ်တာဝန်ပေးလိုက်ပြီးပြီဖြစ်ပါတယ်။ မတ်လ ၃၁ ရက်နေ့ဟာ အစိုးရအဖွဲ့သစ်စပြီး အသက်ဝင် လုပ်ငန်းစတင်တဲ့ရက်လို့ ဆိုရမှာပါ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်ကိုလည်း ဖျက်သိမ်းပြီးပါပြီ။

ဒါပေမဲ့ လွှတ်တော်တွေထက်ရော၊ အစိုးရအဖွဲ့ထက်ပါ အာဏာကြီးလှတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုတာကိုတော့ ဖွဲ့စည်းပြီးပြီလို့ မကြေညာသေးပါဘူး။ ဒါ့အပြင် ကာကွယ်ရေးဦးစီးချုပ် ဘယ်သူဆိုတာကိုလည်း နာမည်နဲ့တကွ တရားဝင်မကြေညာပါဘူး။

ဗွီအိုအေက ဆက်သွယ် မေးမြန်းခဲ့သမျှပြည်တွင်းလူထုကတော့ အရင်ကောင်စီရုံးတွေမှာ တာဝန်ယူထားတဲ့ လူတွေကိုပဲ ဆက်တွေ့နေရသေးပြီး လက်တွေ့မှာ ထူးခြားသိသာတဲ့ ဘယ်လိုအပြောင်းအလဲကိုမှ မတွေ့ရသေးဘူးလို့ ပြောကြပါတယ်။

**စာမျက်နှာ ၁၇ မှ**

Society အားကောင်းလာအောင် အကောင်အထည်ဖော်ဆောင်ချက်တွေမှာ ရှုထောင့်တမျိုးတည်းကနေ တကြောင်းဆွဲအမြင်နဲ့ မကြည့်ပဲ၊ ရှုထောင့်စုံကနေ သုံးသပ်ဆန်းစစ်မှု ပြုလုပ်ရန် အရေးကြီးပါတယ်။ ကွဲပြားခြားနားတဲ့ Model တွေကို ကိုင်စွဲပြီး အငြင်းပွားနေကြတာထက်၊ မိမိကိုင်စွဲ အသုံးပြုနေတဲ့ Model ပေါ်အခြေခံပြီး လုပ်ငန်းစဉ်တွေ အောင်မြင်စွာအကောင်အထည်ပေါ်လာရေးကိုသာ အာရုံစိုက်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကား။ ။


Diamond L. (1994) "Rethinking Civil Society: Toward Democratic Consolidation", Journal of Democracy, July

Kumar, K. (1993) "Civil Society: An Inquiry into the Usefulness of an Historical Term", British Journal of Sociology, vol. 44, pp. 375-95

Havel, V. (1988) "Anti-political Politics", in Civil Society and the State: New European Perspectives, ed. John Keane, London and New York: Verso, pp. 381-98.

Mardin, S. (1995) "Civil Society and Islam", in Civil Society: Theory, History and Comparison, ed. John Hall Cambridge: Polity

Mbogori, E. and Chigudu, H. (1999) "Civil Society and Government: A Continuum of Possibilities", in Civil Society at the Millennium, West Hartford, Conn.: Kumarian Press in cooperation with CIVICUS

Norton, A. (1995) "Introduction", in Civil Society in the Middle East, ed. Andrew Richard Norton, vol. I, Leiden: E.J. Brill

Richter, M. (1998) "Montesquieu and the Concept of Civil Society", The European Legacy, vol.3, no. 66, pp. 33-41

Seligman, A. (1992) The Idea of Civil Society, New York: Free Press

Serrano, I. (1994) Civil Society in the Asia-Pacific Region, Washington D.C.: Civicus

Taylor, C. (1990) "Modes of Civil Society", Public Culture, vol. 3. no. 1, p. 111

White, G. (1994) "Civil Society, Democratization and Development (I): Clearing the Analytical Ground", Democratization, vol. 1, no. 3, p. 379


# ငွေတောင်းပြီး အနိုင်ကျင့်လွန်းတဲ့ နအဖစစ်သားနှစ်ယောက် ရဲဒင်းနဲ့ခုတ်သတ်ခံရ

**RFA ၊ မတ်လ ၂၈ ။** ။ မကွေးတိုင်း တောင်တွင်းကြီး မြို့နယ်မှာ သစ်ဝါးခုတ်သူအရပ်သားတွေဆီက ငွေကောက်ပြီး (ကပစ) စက်ရုံမှူးကိုပေးနေရတဲ့ စစ်သားနှစ်ယောက်က အရပ်သားလူငယ်နှစ်ဦးဆီက ငွေတောင်းတဲ့အပြင် နှိပ်စက်တဲ့အတွက် အဲဒီလူငယ်တွေက ရဲတင်းနဲ့ ခုတ်လို့ စစ်သားတွေသေဆုံးတဲ့ အမှုတခု၊ မတ်လ ၂၁ ရက်နေ့က ဖြစ်ခဲ့တယ်လို့ စုံစမ်း သိရှိရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့အခင်းဖြစ်ကြတဲ့ လူငယ်တွေနဲ့ နီးစပ်သူတဦးက RFA ကို အခုလိုပြောပါတယ်။

"၂၁ ရက်နေ့ ညက ဖြစ်တာက ဒုတပ်ကြပ်မြင့်ဇော်ရယ်၊ တယောက်က ကျောက်ပန်းတောင်းနယ်သား တပ်သားသစ်၊ သူတို့နှစ်ယောက်ကနေပြီး သစ်လှည်း၊ ဝါးလှည်းသမားတွေ ဆီကနေ တောင်းတယ်။ တောင်းတဲ့အခါကျတော့ သစ်လှည်းသမားဖြစ်တဲ့ ဇော်လှိုင်ဝင်းနဲ့လှခိုင်၊ သူတို့ နှစ်ယောက်ကနေပြီးတော့ ဒီ ခုနလိုမျိုးရိုက်နှက်ပြီး တောင်းတာပေါ်မှာ မခံနိုင်လို့မို့ သစ်ခုတ်တဲ့ ရဲတင်းနဲ့ပေါက်သတ်ပစ်တာမှ ပွဲချင်းပြီး သေတယ်။"

"တပ်သား မြင့်ဇော်ကတော့ ပြည်ဆေးရုံရောက်မှ အဆုတ်ပွင့်သွားတာမှာ သူက ၂ ရက် ၃ ရက်လောက် ရှိမှ သေသွားတယ်။ စစ်သားတွေ တောင်းတဲ့ ဂိတ်ပေါင်းများစွာကနေ ရလာတဲ့ ပိုက်ဆံကို ကပစ စက်ရုံမှူး ဗိုလ်မှူး မျိုးတင့် ဆိုတဲ့လူကို အပ်ရတယ်။ မျိုးတင့်ကမှ စစ်သားတွေကို ပြန်ခွဲပေးတယ်။ လက်အောက်ငယ်သားတွေ။ အခုလို ပြဿနာ ဖြစ်ပြီ ဆိုတဲ့အခါကျတော့ စက်ရုံမှူး ကိုယ်တိုင်ကတာဝန်ရှောင်တဲ့ စကားမျိုးပြောတယ်။ အဲဒီသေတဲ့လူတွေက စစ်သားမဟုတ်ပါဘူးဆိုပြီးတော့ သူနဲ့ ဘာမှ မဆိုင်ပါဘူး ဆိုတာမျိုးလုပ်တယ်။"

အဲဒီ တောင်တွင်းကြီးမြို့နယ်မှာ၊ အနီးတဝိုက် သစ်တောထဲက သစ်၊ ဝါးတွေကို ဒေသခံတွေက သွားခုတ်ပြီး အသုံးပြုတာ၊ ပြန်ရောင်းတာတွေရှိပြီး၊ အဲဒီလို သစ်၊ ဝါးသယ်တဲ့ လှည်းသွားရာ လမ်းတွေ အားလုံးမှာ စစ်သားတွေက တားပြီး ငွေတောင်းနေတာ ၄-၅ နှစ် ရှိနေပြီလို့ သိရပါတယ်။

အဲဒီလိုငွေတောင်းတဲ့အခါမှာ မကြာခဏ ဆိုသလို စစ်သားတွေက အရပ်သားတွေကို ဆဲဆို ကြိမ်းမောင်းတာ၊ ဖားခုန် ခုန်ခိုင်းတာ၊ ရိုက်နှက်တာတွေလည်း ရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒေသခံတွေက အဲဒီလို တောင်းနေတဲ့ စစ်သားတွေကို ကြောက်ရွံ့နေရသလို၊ မကျေနပ်တာတွေလည်း များနေတယ်လို့ ဆိုပါတယ်။

အခုအမှုမှာလည်း စစ်သားတွေတောင်းတဲ့ ငွေအတွက် ပေးတဲ့အခါမှာ အနည်းငယ် လိုနေလို့ အခြားအဖော်တွေ ငွေသွားယူနေတုန်းမှာ လှည်းနဲ့အတူနေခဲ့တဲ့ လူငယ်နှစ်ယောက်ကို နှိပ်စက်ရာကနေ မခံရပ်နိုင်လို့ ပြန်လည်ခုခံတဲ့အထိ ဖြစ်လာတာလို့ သိရပါတယ်။

စစ်သားတွေကို သတ်လိုက်တဲ့ ကိုဇော်လှိုင်ဝင်းနဲ့ ကိုလှခိုင်တို့ နှစ်ယောက်ဟာ အသက်နှစ်ဆယ်ကျော် သာမန်တောင်သူတွေဖြစ်ပြီး၊ တောင်တွင်းကြီးမြို့နယ်ထဲက ဂုန်ညင်းတန်းကျေးရွာ၊ ရွာလေးကုန်းရွာကဖြစ်ပြီးသူတို့ကိုအခုတောင်တွင်းကြီးရဲစခန်းမှာထိန်းသိမ်းထားတယ်လို့ သိရပါတယ်။

# နအဖစစ်အုပ်စုကို ဖိတ်ဆို့မှုတိုးဖို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးပြောဆို

**RFA | ဧပြီ ၁ ||** || မြန်မာအစိုးရသစ်ကိုအသိအမှတ်မပြုပဲ ပိတ်ဆို့အရေးယူမှုတွေတိုးမြှင့်ချမှတ်ဖို့လိုအပ်တယ်လို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျမ်ဟိတ်က မတ်လ ၃၁ မနေ့က ပြောကြားလိုက်ပါတယ်။

လန်ဒန်မြို့က ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှာ မနေ့ကကျင်းပတဲ့ ဗြိတိန်အစိုးရရဲ့ ၂၀၁၀ ခုနှစ် နိုင်ငံတကာ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီရေးဆိုင်ရာ အစီရင်ခံစာထုတ်ပြန်ပွဲမှာ နိုင်ငံခြားရေးဝန်ကြီး ဝီလျမ်ဟိတ်က ခုလို ပြောဆိုခဲ့တာဖြစ်ကြောင်း အဲဒီအခမ်းအနားတက်ရောက်ခဲ့တဲ့ Burma Campaign UK အဖွဲ့က မဇိုရာဖန်းကပြောပါတယ်။

"အဲဒီမိန့်ခွန်းထဲမှာပေ့ါနော်၊ အဓိကပြောသွားတာကတော့ ဒီအခုအစိုးရသစ်ကိုတော့ သူတို့အသိအမှတ်မပြုဘူးဆိုတော့ သူတို့ပြောတယ်။ အာဏာရှင်ဖြစ်နေတုန်းပဲပေ့ါနော်။ အဲဒါကြောင့် ဒီ အာဏာရှင်တွေ သူတို့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အဲဒါ အရေးယူပေးနိုင်ဖို့အတွက် နိုင်ငံတကာရဲ့စုံစမ်းစစ်ဆေးရေးကော်မရှင် တကယ်လိုအပ်ကြောင်း သူ အဲဒီမှာပြောခဲ့ပါတယ်။"

"ပြီးတော့ အခုလောလောဆယ် အီးယူဖက်က သူတို့ နိုင်ငံခြားရေးပေါ်လစီပေ့ါနော်၊ မြန်မာနိုင်ငံကို ကိုင်တွယ်တဲ့အချိန်မှာ ဖိအားပေးမှုတွေ ပိုပြီးတော့လုပ်နိုင်အောင် အီးယူကနေတဆင့် အဲဒါ ဗြိတိန်အစိုးရလည်းကြိုးပမ်းနေတယ်လို့ ကျွန်မတို့ သိရပါတယ်။"

ဒ့ါပြင် ဗြိတိန်အစိုးရအနေနဲ့ မြန်မာနိုင်ငံအပေါ် ဖိအားပေးပိတ်ဆို့အရေးယူမှုတွေ ထပ်မံတိုးမြှင့်ရေးကိစ္စကိုတခြားအီးယူ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုက ထောက်ခံအားပေး ဆောင်ရွက်လာအောင် တွန်းအားပေးဆောင်ရွက်သွားဖို့ရှိတယ်လို့ မဇိုရာဖန်းကပြောပါတယ်။ ဒီအစီရင်ခံစာထုတ်ပြန်ပွဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေဆိုးဝါးနေတဲ့ မြန်မာနဲ့အီရန်နိုင်ငံတွေအပြင် အာဏာရှင်အစိုးရဆန့်ကျင်ရေးလူထုလှုပ်ရှားမှုတွေပေါ်ပေါက်တဲ့ အရှေ့အလယ်ပိုင်းကနိုင်ငံတွေကအခြေအနေတွေကိုလည်းဗြိတိသျှနိုင်ငံခြားရေးဝန်ကြီဝီလျမ်ဟိတ်က အလေးထားပြောဆိုတယ်လို့ မဇိုရာဖန်းက ပြောပါတယ်။

"ဝီလျမ်ဟိတ်ကိုယ်တိုင် သူ အများဆုံးပြောနေတာကတော့ အီရန်ရယ်၊ မြန်မာပြည်ရယ် အဲဒီ နှစ်ခုကို သူ ခဏခဏပြောဖြစ်ပါတယ်။ ပြီးတော့ အခြားနိုင်ငံတွေဆိုရင် လစ်ဗျားတို့ပေ့ါနော်၊ ပြီးတော့ ယီမင်၊ ဘာရိန်း၊ အခုလောလောဆယ် အရှေ့အလယ်ပိုင်းဒေသမှာရှိနေတဲ့ နိုင်ငံတွေအကြောင်း တော်တော်များများလည်း သူပြောဖြစ်ပါတယ်။"

"အခုလောလောဆယ် ဗြိတိသျှအစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒပေ့ါနော်၊ မြန်မာပြည်အပေါ်မှာ သူတို့ရဲ့မူဝါဒက အင်မတန်ကိုကောင်းတယ်လို့ ကျွန်မမြင်တယ်လေ။ အဲဒါကြောင့် ကျွန်မတို့ကတော့ ဗြိတိသျှအစိုးရကို အင်မတန်ကိုကြိုဆိုပါတယ်။ ဒီလိုမျိုး သဘောထားရှိတဲ့အတွက်ကြောင့်ပေ့ါနော်။ အဲဒါကြောင့် အခြားနိုင်ငံတွေလည်းဒီလိုမျိုးဖြစ်လာအောင် ကျွန်မတို့လည်း အီးယူမှာ lobby တွေ၊ လှုပ်ရှားမှုတွေရှိနေတယ်ပေ့ါနော်။"

ဒီအစီရင်ခံစာထုတ်ပြန်ပွဲကို ဗြိတိသျှအစိုးရဌာနတွေကအရာရှိတွေ၊ AI နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ Burma Campaign-UK အဖွဲ့အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့တွေ၊ သတင်းမီဒီယာတွေကပုဂ္ဂိုလ်တွေ စုစုပေါင်း လူ ၁၀၀ ကျော်လောက် တက်ရောက်ခဲ့ကြတယ်လို့သိရပါတယ်။


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

PRINTED MATTER